ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (21-8-2014) (၇၉၃၉)

* ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် ပြည်သူအများ ခံစားစံစား ရသည့် ကိစ္စရပ်များဖြစ်သည့်အတွက် သိသိသာသာပြောင်းလဲ တိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်။
* အလုပ်အကိုင်ရရှိရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်သည့် အတွက် အလေးထားလုပ်ကိုင်ပေး။

ဆင်းရဲနွမ်းပါးသူများ၊ အိုးမဲ့အိမ်မဲ့များ နေထိုင်နိုင်အောင် သက်သာသောဈေးနှုန်းများနှင့် Public Housing Project များကို ဆောင်ရွက်ပေးသွားရန် လိုအပ်

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့သစ်တာဝန်ယူစဉ်ကစပြီး စီမံကိန်းကော်မရှင်အစည်းအဝေး၊ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးစသည့် အစည်းအဝေးများကို အခါအားလျော်စွာ ခေါ်ယူကျင်းပခဲ့သော်လည်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရေးအတွက် ယနေ့ပြုလုပ်သည့် လေးလပတ်အစည်းအဝေးကို ယခုကဲ့သို့ ပထမဆုံးခေါ်ယူကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

မိမိတို့ အစိုးရတာဝန်ယူသည့် အချိန်မှစ၍ ပထမ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒုတိယ စီးပွားရေးနှင့် လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲမှု၊ တတိယ အစိုးရ၏အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ စတုတ္ထအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုများကို မဟာဗျူဟာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုးတက်မှုရလဒ်များရရှိနေပြီး တချို့အကျိုးရလဒ်အသီးအပွင့်များကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ကျေးလက်ဒေသ ၅၄ ရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ထန်တလန် ဩဂုတ် ၂၀

ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ကျေးရွာပေါင်း ၅၄ ရွာအား အစိုးရက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းခေါင်းစဉ်ဖြင့် ကျပ်ငွေသိန်း ၅၂၀၀ ကူညီပံ့ပိုးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အစိုးရက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းအသေးစိတ်မှာ ကွက်သစ်ဖော်ဆောင်ရေးအတွက် တစ်နေရာ၊ ရေပိုက်သွယ်ယူရေး ၁၀ ခု၊ လယ်မြေရေမြောင်းဖောက်လုပ်ရေး ၁၁ ခု၊ တံတားဆောက်လုပ်ရေး ၁၀ ခု၊ အသေးစားရေအားလျှပ်စစ်ဆောက်လုပ်ရေး ခုနစ်ခု၊ ရွာအကြားကားလမ်းနှင့် ဆိုင်ကယ်သွားလမ်းဖောက်လုပ်ရေး ကိုးခု၊ ပြင်ပကျောင်းဆရာငှားရမ်းခ ခြောက်နေရာအတွက် ထောက်ပံ့ကူညီခဲ့ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေများအနက် အများဆုံးပမာဏမှာ ထန်တလန်မြို့ပေါ်ကွက်သစ်ဖော်ဆောင်ရေး၊ နှာရိန်ရွာ အသေးစားရေအားလျှပ်စစ်တည်ဆောက်ရေးနှင့် ဖာရ်တန်-ခွာပီးလူကျေးရွာ ကားလမ်းဖောက်လုပ်ရေးတို့အတွက် ကျပ်ငွေသိန်းပေါင်း ၃၀၀ စီနှင့် အသေးဆုံးပမာဏမှာ နှာရိန် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆရာငှားရမ်းခအတွက် ကျပ်ငွေ ၁၂ သိန်းတို့ဖြစ်ကြောင်း သိရသည်။ **(ဇိုဟောဆာ)**

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၀

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံစာတည်းရှုထောင့် ၂၁-၈-၂၀၁၄၊ ကြာသပတေးနေ့

ငြိမ်းချမ်းရေးပန်းခင်းဆီသို့

ငြိမ်းချမ်းရေးဟူသည် 'ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက် စသည်တို့ကင်းမဲ့သောအဖြစ်'ဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပေရာ ငြိမ်းချမ်းခြင်းကို လူတိုင်းမက်မောကြပေလိမ့်မည်။ မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် သဘာဝက ဖန်ဆင်းအပ်နှင်းပေးထားသည့် အလှတရားများစွာဖြင့် ပြည့်နှက်လျက်ရှိပေသည်။ ယင်းအလှတရားများသည် ပကတိသန့်ရှင်းစင်ကြယ်ရုံမျှမက ခင်တွယ်မြတ်နိုးဖွယ်အတိ ဖြစ်ပေသည်။ ထိုသို့သောအလှတရားများကို လူတို့၏ ပယောဂကြောင့် အနိဋ္ဌာရုံမြင်ကွင်းများအဖြစ် မပြောင်းလဲသင့်ပေ။

ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒွန်တွဲဖြစ်တည်နေရာ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံကျင့်သုံး၍ အေးချမ်းတည်ငြိမ်သည့် ကမ္ဘာကြီးအဖြစ် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုမှတစ်ဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ကျင်းပနိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် စာချုပ်ပါ ကွဲလွဲချက် (၁၁) ချက်ရှိသည့်အနက် ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပသည့် ပြည် ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီတို့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးတွင် (၂၆) ချက် သဘောတူညီမှုရရှိပြီး ကျန်အချက် (၅)ချက်ကို စက်တင်ဘာလတွင် ဆက်လက်၍ နှစ်ဖက်တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်သွားရန် သဘောတူညီမှုများ ရရှိခဲ့ကြသည်။

ကျွန်ုပ်တို့နိုင်ငံသမိုင်းကြောင်းကို ပြန်ကြည့်လျှင် တစ်ဦးနှင့်တစ်ဦး အမြင်သဘောထား၊ ယုံကြည်ချက် အားနည်းခြင်းကြောင့် ဆုံးရှုံးမှုရလဒ်များကိုသာ ပိုင်ဆိုင်ခဲ့ကြရသည်။ ယနေ့အချိန်တွင် ပြည်သူကိုဗဟိုပြုသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည် လူမှုအသိုက်အဝန်းတစ်ခုဖြစ်တည်လာရန် လူတို့၏အသိဉာဏ်ပညာဖြင့် စဉ်းစားဆင်ခြင်ကြရမည်ဖြစ်သည်။ လောကသဘာဝအရ လူတစ်ဦးနှင့်တစ်ဦး အသားအရောင်မတူ၊ အတွေးအခေါ်မတူကြသဖြင့် လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြပေလိမ့်မည်။ သို့သော် လူတစ်ဦးနှင့်တစ်ဦး ခံယူချက်သဘောထားများလွဲမှားကာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အာဃာတအငြိုးအတေးများ ပြည့်နှက်နေမည်ဆိုလျှင် ငြိမ်းချမ်းသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်တည်လာနိုင်မည်မဟုတ်ပေ။

သဘောတူညီမှု၊ စာနာနားလည်မှု၊ ယုံကြည်မှု အားနည်းနေသေးသမျှ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ကျွန်ုပ်တို့မျှော်မှန်းတောင့်တနေသည့် သာယာဝပြောသော၊ အေးချမ်းတည်ငြိမ်သော၊ အောင်မြင်တိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ဦးမည်မဟုတ်ပေ။ သို့ပါ၍ လူတစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီက မိမိတို့၏ ဘုံရည်မှန်းချက်ကို ဦးစားပေးလုပ်ဆောင်ကာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံကျင့်သုံးသွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအပေါ်တွင် များစွာတည်မှီနေပါသည်။ လက်ရှိမြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်နေချိန်တွင် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ မဖြစ်စေရေးမှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ ယနေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သဖြင့် ယင်းဆွေးနွေးပွဲမှ ထွက်ပေါ်ခဲ့သည့် ရလဒ်များသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး နီးစပ်လာပြီဖြစ်ရာ ငြိမ်းချမ်းရေးရောင်ခြည်များ လင်းလက်ဝေဖြာလာတော့မည်ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းမှု၏ အသီးအပွင့်များကို နိုင်ငံသားအားလုံး ခူးဆွတ်ပိုင်ဆိုင်နိုင်တော့မည်ဟု ယုံကြည်မိပါသည်။

သို့ပါ၍ မိမိတို့၏ မိသားစုတစ်စုချင်းမှသည် မိမိတို့နေထိုင်ရာ မြို့/ရွာများသာမက ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးကိုပါ အစဉ်အေးချမ်းတည်ငြိမ်နေစေရန် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများ၊ လူမျိုးရေးပဋိပက္ခဖြစ်ပွားမှုများကို မိမိတို့၏ဉာဏ်ပညာဖြင့် သုံးသပ်ဆင်ခြင်ကာ သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရမည်ဖြစ်သည်။ လူသားတိုင်း ငြိမ်းချမ်းရေးကို လိုလားချစ်မြတ်နိုးသူများဖြစ်ကာ ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း အေးချမ်းတည်ငြိမ်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တတိယအဆင့်အရှိန်အဟုန် မြှင့်တင်မှု (Third Wave) တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြုပြင်ပြောင်းလဲရေး ကော်မတီအစည်းအဝေးတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်သိမှုနှင့်တာဝန်ယူမှုရှိခြင်း၊ စွမ်းဆောင်ရည် ထိရောက်မှုရှိခြင်း၊ လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် ခိုင်မာသည့် ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူတားဆီးထိန်းသိမ်းနိုင်ခြင်း စသည့်အချက်များအား အဓိကထား ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရမည့်တာဝန်များကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ်ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်ကြရာတွင် မိမိတို့ဌာန ဝန်ထမ်းများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်မှုများ အောင်မြင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) ကောင်းမွန်မှသာ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်မည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ၏ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အောင်ထွန်းသက်က ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် ဩဂုတ် ၂၀

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်	ရွှေဈေး	၆၇၁၈၀၀ -	၆၇၂၆၀၀
မန္တလေး	ရွှေဈေး	၆၇၁၈၀၀ -	၆၇၂၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၃. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၁၁
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၁၅
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၉၄
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၀၃
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၂. ၉၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၁၈၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၂. ၇၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်မှီ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဩဂုတ် ၂၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၉ ရက်(အင်္ဂါနေ့)ထက်မစော၊ စက်တင်ဘာလ ၁၀ ရက်(ဗုဒ္ဓဟူးနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့၌ သတင်းမီဒီယာများမှ ချောမွေ့အဆင်ပြေစွာ ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်မှီ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းထွန်း၊ ဦးခင်မောင်ထွန်းနှင့် ဦးအောင်မြင့်ထွန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အတူ အတွင်းရေးမှူး ဦးကျော်မင်းဆွေနှင့်အဖွဲ့ဝင် ခြောက်ဦး တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့၌ သတင်းမီဒီယာများမှ ချောမွေ့အဆင်ပြေစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဩဂုတ် ၂၀

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19)သို့ **၂၀၁၄ ခုနှစ် စက်တင်ဘာလ ၉ ရက်ထက် မစော ၁၀ ရက်ထက်နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျကယ်ဆယ်ရေးစခန်းရှိ ကျန်းမာရေးဆေးပေးခန်း၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် သက်ကယ်ပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပေါက်တောမြို့နယ် ဆင်တပ်မော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်ပြည့် ပိုမိုအရည်အသွေးပြည့်ဝစွာဆောင်ရွက်ပေးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ဆေးရုံကြီး၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများအား တွေ့ဆုံကာ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ဆောင်ရွက်မည့်ကိစ္စများနှင့် ကျေးလက်ဆေးပေးခန်းများ တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လိုအပ်ချက်များစည်းဝေး

နေပြည်တော် ဩဂုတ် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ စီမံကိန်းဆိုင်ရာလိုအပ်ချက်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အကောင်အထည်ဖော်လျက်ရှိသည့် အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် (JICA)မှ ကျွမ်းကျင်ပညာရှင်များက စီမံကိန်းနယ်မြေအတွင်း စီမံကိန်းထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ချက်များအား စစ်တမ်းကောက်ယူခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်အကြံပြုကြသည်။

အဆိုပါစီမံကိန်းကို စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၁ သန်းဖြင့် ဆွေးနွေးညှိနှိုင်းချက်မှတ်တမ်း လက်မှတ်ရေးထိုး၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မူဆယ်၊ လောက်ကိုင်နှင့် ကျောက်မဲခရိုင်များတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာအား ထိုင်းဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ဖွယ်

ဗန်ကောက် ဩဂုတ် ၂၀

ထိုင်းနိုင်ငံ၌ အသစ်ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်က ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာအား ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်မည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးချယ်ခန့်အပ်ခံရသော အမတ် ၁၉၇ ဦးဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားလွှတ်တော်သည် ဩဂုတ် ၂၁ ရက်တွင် အစည်းအဝေးခေါ်ယူသည့်အခါ ဗိုလ်ချုပ်ကြီးပရာယွတ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်မည်ဟု မျှော်လင့်ရကြောင်း အမည်မဖော်သူတာဝန်ရှိတစ်ဦးက ပြောကြားသည်။

ဗိုလ်ချုပ်ကြီးပရာယွတ်သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အမျိုးသားကောင်စီ၏ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်ရာထူးနေရာအတွက် တစ်ဦးတည်းသောအမည်စာရင်း တင်သွင်းခံရသူဖြစ်ဖွယ်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရာယွတ်သည် ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြင့် အာဏာအပြည့်အဝ ရရှိလာမည်ဖြစ်သည်ဟုဆို၏။

ဗိုလ်ချုပ်ကြီး ပရာယွတ်သည် ယခုအခါ ပြည်သူလူထုအတွင်း ရေပန်းစားလာနေပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အမျိုးသားကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်သူလူထုက ကျေနပ်အားရမှုရရှိသည်ဟု လူထုစစ်တမ်းများအရ သိရှိရကြောင်း အမည်အဖော်သူတာဝန်ရှိသူက ပြောကြားသည်။

ဗိုလ်ချုပ်ကြီးပရာယွတ်သည် ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ ရာထူးမှဖယ်ရှားခံရပြီးနောက် မေ ၂၂ ရက်က သွေးထွက်သံယိုမှုမရှိသော အာဏာသိမ်းမှုကို ပြုလုပ်ခဲ့သူဖြစ်သည်။ **ပီတီအိုင်**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ ရေပေါ်ဈေးတစ်ဈေးကို တွေ့ရစဉ်။

ဘရာဇီးနိုင်ငံ၏ သစ်တောထိန်းသိမ်းရေး တိုးတက်အောင်မြင်

ဘရာဇီး ဩဂုတ် ၂၀

ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တောထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်း၌ တိုးတက်အောင်မြင်မှုများရရှိနေကြောင်း နော်ဝေနိုင်ငံက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ နော်ဝေနိုင်ငံသည် သစ်တောဖွံ့ဖြိုးရေး အကူအညီပေးသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံ၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ သစ်တောထိန်းသိမ်းရေးလုပ်ငန်း၌ အသုံးပြုရန် နော်ဝေနိုင်ငံက ခရောင်း၁၀ဒသမ ၃ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ)ထောက်ပံ့ပေးခဲ့ကြောင်း နော်ဝေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းနှင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်းတို့ သိသိသာသာကျဆင်းသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ နော်ဝေနိုင်ငံ၏ ရန်ပုံငွေဖြင့် ဘရာဇီးနိုင်ငံ၌ အကောင်အထည်ဖော်နေသော သစ်တောထိန်းသိမ်းရေး စီမံကိန်းများမှာ တိုးတက်အောင်မြင်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ နော်ဝေနိုင်ငံသည်ဘရာဇီးနိုင်ငံသာမက အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောထိန်းသိမ်းရေး စီမံကိန်းများအတွက် ရန်ပုံငွေများကို ပေးအပ်ထောက်ပံ့ပေးခဲ့သည်။ ပီတီအိုင်

လူမည်းဆယ်ကျော်သက်သေဆုံးခဲ့ရသောဖာဂူဆန်မြို့သို့ အမေရိကန်ပြည်ထောင်စု ရှေ့နေချုပ် သွားရောက်မည်

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်ပြည်ထောင်စု မစ်ဇူရီပြည်နယ် ဖာဂူဆန်မြို့၌ လူမည်းဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်ခဲ့မှုကြောင့် တင်းမာမှုများ ဖြစ်ပေါ်နေမှုကို လျှော့ချနိုင်ရန် အမေရိကန်ရှေ့နေချုပ် အဲရစ်ဟိုလ်ဒါ(အောက်ဝဲပုံ)သည် ယင်းမြို့သို့ ဩဂုတ် ၂၀ ရက်တွင် သွားရောက်ရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။



လက်နက် ကိုင်ဆောင်ထားခြင်းမရှိသော လူမည်းဆယ်ကျော်သက် လူငယ်တစ်ဦးဖြစ်သူ မိုက်ကယ်ဘရောင်းကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်ခဲ့မှုနှင့်ပတ်သက်၍ ပြည့်စုံ၍တရားမျှတပြီး လွတ်လပ်မှုရှိသော စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ပေးမည်ဟု ရှေ့နေချုပ် ဟိုလ်ဒါက ကတိပြုခဲ့သည်။

မိုက်ကယ်အား ရဲတပ်ဖွဲ့ကပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်နေသူ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ၁၀ ညတိုင်တိုင် အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။

ရဲတပ်ဖွဲ့သည် ဩဂုတ် ၁၉ ရက်ည ဆန္ဒပြပွဲအတွင်း လူ ၄၇ ဦးကို ဖမ်းဆီးခဲ့သည်။ တင်းမာမှုများအဆုံးသတ်ကာ တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ရပ်ရွာအကြီးအကဲများက မေတ္တာရပ်ခံခဲ့ကြသည်။

ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်ကို တရားရေးဌာနက ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်းရှေ့နေချုပ်၏အိတ်ဖွင့်ပေးစာကိုဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမရှိမီ မိုက်ကယ်သည် စတိုးဆိုင်တစ်ဆိုင်တွင် လုယက်နေပုံကို ရဲတပ်ဖွဲ့က ထုတ်ပြန်သော ဗီဒီယိုခွေ၌ ဖော်ပြထားသည်။ **ဘီဘီစီ**

အသက်(၁၁၁)နှစ်ရှိ ဂျပန်ဘိုးသက်ရှည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်လာ

တိုကျို ဩဂုတ် ၂၀

ဂျပန်နိုင်ငံသား အသက် ၁၁၁ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးသည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်အဖြစ် ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်းတင်အဖွဲ့၏ တရားဝင် သက်သေခံလက်မှတ်ကို တိုကျိုမြို့ရှိ ဘိုးဘွားရိပ်သာ၌ ဩဂုတ် ၂၀ ရက်က လက်ခံရယူခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ယင်းအဘိုးအိုသည် ရိုက်စ်ညီနောင်က ကမ္ဘာ့ပထမဆုံးလေကြောင်း ပျံသန်းမှု ပြုလုပ်ခဲ့ခြင်းမရှိမီ လပေါင်းအတန်ကြာကာလအလိုတွင် မွေးဖွားခဲ့သည်ဟု ယုံကြည်ရပြီး ကမ္ဘာပေါ်တွင် အသက်ရှည်ဆုံး အမျိုးသားအဖြစ် ဩဂုတ် ၂၀ ရက်တွင် အသက် ၁၁၁နှစ်ရှိပြီဟု သတ်မှတ်ခံရသူလည်း ဖြစ်သည်။

ဆာကာရီမိုမီအမည်ရှိ အဆိုပါ ဂျပန်အဘိုးအိုမှာ ၁၉၀၃ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး အထက်တန်းကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့၏ဘိုးသက်ရှည်အဖြစ် သက်သေခံလက်မှတ်ကို လက်ခံရရှိခဲ့သူဖြစ်သည်။

အနက်ရောင်ပွဲတက်ဝတ်စုံနှင့် ရှပ်အင်္ကျီဖြူဝတ်ဆင်ကာ ငွေရောင်ဘိုးတိုင်ကို ဆင်မြန်းထားသည့် အဘိုးအိုက တိုကျိုမြို့တွင် သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

မိမိသည် ယခုနေထိုင်ရာ ဘိုးဘွားရိပ်သာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားလိုခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့ဘိုးသက်ရှည်ဘွဲ့ကို မစ္စတာ ဆာကာရီက ယခုနှစ် ဇွန်လအတွင်းက ကွယ်လွန်ခဲ့သော အမေရိကန်နိုင်ငံသား ဘိုးသက်ရှည်အလက်ဇန္ဒားအင်မိတ်ထံမှ လွှဲပြောင်းရယူခဲ့သည်။ ယင်းအမေရိကန်ဘိုးသက်ရှည်မှာ မစ္စတာဆာကာရီထက် ရက်အနည်းငယ်စောကာ မွေးဖွားခဲ့သူဖြစ်သည်။ ဘီဘီစီ

ဂျပန်ကားကုမ္ပဏီများဒဏ်ငွေစည်းကြပ်ခံရ

ပေကျင်း ဩဂုတ် ၂၀

တရုတ်အစိုးရက ကားအစိတ်အပိုင်းများထုတ်လုပ်သည့် ဂျပန်ကုမ္ပဏီ ၁၂ ခုကို အချင်းချင်းညှိနှိုင်း၍ ဈေးနှုန်းများမြှင့်တင်ထားသည့်အတွက် စုစုပေါင်းစံချိန်တင်ဒဏ်ငွေ ယွမ် ၁ ဒသမ ၂၄ ဘီလီယံ(ဒေါ်လာ ၂၀၂ သန်း) စည်းကြပ်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

၎င်းကုမ္ပဏီများသည် ပြိုင်ဆိုင်မှုလျှော့ချရန် ပူးပေါင်းကြံစည်ကြသည်ကို တွေ့ရှိရကြောင်း တရုတ်နိုင်ငံ၏ တစ်ဦး သို့မဟုတ် တစ်ဖွဲ့တည်း ဈေးကွက်ချုပ်ကိုင်ခြင်းအား ဆန့်ကျင်ရေးအဖွဲ့က ပြောသည်။

ကြီးလေးသောဒဏ်တပ်ခြင်းကိုခံရသည့် အဆိုပါကုမ္ပဏီများတွင် ဂျပန်နိုင်ငံ၏ ဆူမိတိုမိုအီလက်ထရစ်နှင့် မစ်ဆူဘီရှီထရစ် တို့ပါဝင်သည်။ တစ်ဦးတည်းဈေးကွက်ချုပ်ကိုင်ခြင်းအား တားမြစ်သည့် တရုတ်နိုင်ငံ၏ ဥပဒေများကို ဖောက်ဖျက် ကျူးလွန်သော ကုမ္ပဏီ များကိုနှိမ်နင်းစဉ်မှာ အဆိုပါဆုံးဖြတ်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်(အန်ဒီအာစီ)က ကြေညာချက်ထုတ်ပြန်ရာတွင် ဂျပန်ကုမ္ပဏီများသည် မော်တော်ယာဉ်များ၊ ကားအစိတ်အပိုင်းများနှင့် ဘယ်ယာရင်များ၏ ဈေးနှုန်းကို မသင့်လျော်စွာ သတ်မှတ်ခဲ့သည်ဟု ဖော်ပြသည်။

၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သော တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးလက်ဝါးကြီးအုပ်မှုကို တိုက်ဖျက်သည့် ဥပဒေအရ အာဏာပိုင်များသည် ဥပဒေကျူးလွန်သော ကုမ္ပဏီကို ၎င်း၏နှစ်စဉ်ဆောင်ရသော အခွန်တော်ငွေ၏ ၁၀ ရာခိုင်နှုန်းဒဏ်ငွေချမှတ်နိုင်ခွင့်ရှိသည်။

၎င်းဥပဒေအာဏာတည်ချိန်ကတည်းက ယခုချမှတ်သောဒဏ်ငွေသည် အကြီးမားဆုံးဖြစ်ကြောင်း စီစီတီဗွီရုပ်သံလိုင်းက ကြေညာခဲ့သည်။ **ဘီဘီစီ**

မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက်ပိုမမောင်းရ

ပြည်တွင်းရေးရာ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စည်းဝေး

နေပြည်တော် ဩဂုတ် ၂၀

တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေး (Third Wave)လုပ်ငန်းစဉ်များဆိုင်ရာ အစည်းအဝေးကို နေပြည်တော် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအနီးရှိ မျိုးစေ့သိုလှောင်ရုံ၌ ယမန်နေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်တစ်ဝန်းနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်အားပေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ပြည်သူလူထုကို ဗဟိုပြု၍ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ ဒွန်တွဲပြီး ဟန်ချက်ညီဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လယ်ယာထွက်ကုန်များကို ပြည်တွင်းစားသုံးမှုပိုလျှံပြီး ပြည်ပနိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများက နေပြည်တော် ရှစ်မြို့နယ်အတွင်း အကောင်အထည်ဖော်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ၊ ကြံမျိုးစေ့ထုတ် လက်သုံးကိရိယာများ၊ ကန်စွန်းဥများ၊ ကန်စွန်းမျိုးပင်များ၊ ပိန်းဥများ၊ ပိန်းဥပျိုးပင်များနှင့် အလျင်လိုကျေးရွာအနီးရှိ ခေတ်မီဆန်စက်တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ကမ္ဘောဒီးယားနှင့် အမေရိကန် ကတိပြု

ဖနောင်ပင် ဩဂုတ် ၂၀

ကမ္ဘောဒီးယားနှင့် အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် သန္နိဋ္ဌာန်ချလိုက်ကြောင်း သိရသည်။

ယင်းကတိကဝတ်ကို တော်ဝင်ကမ္ဘောဒီးယားလက်နက်ကိုင်များတပ်ဖွဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပိုလ်ဆာရီရမ်နှင့် ဧည့်သည်ပစိဖိတ်ဒေသရှိ အမေရိကန်ကြည်းတပ်အကြီးအကဲဗိုလ်ချုပ်ကြီး ဗင်ဆင့်ကေဘရွတ်စ်တို့အကြား ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ "အမေရိကန်၏ အကူအညီများသည် ကမ္ဘောဒီးယားလက်နက်ကိုင်တပ်ဖွဲ့များအတွက် စွမ်းရည်တည်ဆောက်ရာတွင် မရှိမဖြစ်အရေးပါကြောင်း ဗိုလ်ချုပ်ကြီး ဆာရီရမ်က ပြောကြားလိုက်ပြီး တန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလေ့ကျင့်မှုများတွင် ကမ္ဘောဒီးယားတပ်ဖွဲ့များအား ကူညီလေ့ကျင့်ပေးမှုများအတွက် အမေရိကန်ကြည်းတပ်ကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်သည်။

ဗိုလ်ချုပ်ကြီးဘရွတ်စ်က ယခုခရီးစဉ်သည် နှစ်နိုင်ငံကြည်းတပ်များကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပထမဆုံးလာရောက်သော ခရီးစဉ်ဖြစ်ကြောင်းပြောကြားလိုက်ပြီး စစ်ဘက်ဆိုင်ရာလူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ဆက်လက်လက်တွဲလုပ်ဆောင်ရန် ကတိပြုလိုက်သည်။ "ကမ္ဘောဒီးယားနိုင်ငံနဲ့ ခြေလျင်တပ်ကနေ ကမ်းတက်တပ်နဲ့ လေတပ်အထိ စစ်ဘက်ဆက်ဆံရေးကို တိုးတက်လာဖို့ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု ဘရွတ်စ်ကဆိုသည်။

ဘရွတ်စ်သည် အင်ဒိုနီးရှားနိုင်ငံ ဆန်တူးမြို့ရှိ အင်ဒိုနီးရှားငြိမ်းချမ်းရေးနှင့် လုံခြုံရေးဗဟိုဌာနတွင် ကျင်းပသော နိုင်ငံပေါင်းစုံငြိမ်းချမ်းရေးထိန်းသိမ်းမှု လေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သုံးရက်ကြာခရီးလည်ပတ်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ အင်္ဂါနေ့က ရောက်ရှိလာခြင်းဖြစ်သည်။

(ဆင်ဟွာ)

မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများသို့ အသိပေးချက်

နေပြည်တော် ဩဂုတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းကို မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဖြစ်သို့ ယခုနှစ် ဩဂုတ် ၁ ရက်တွင် ပြောင်းလဲ၍ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများသည် ပင်စင်ဦးစီးဌာန၏ အကြောင်းကြားစာရရှိပါက ယခုနှစ် ဩဂုတ်လမှစ၍ အငြိမ်းစားလစာများ ထုတ်ယူနိုင်ရေးအတွက် မိမိတို့ကြိုတင်ဆန္ဒပြုထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

(သတင်းစဉ်)

သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း တောင်ကြီး၌ဖွင့်

တောင်ကြီး ဩဂုတ် ၂၀

ပြည်သူဗဟိုပြု သတင်းရေးသားမှုများ ပိုမိုတိုးတက်လာစေရန်နှင့် သတင်းထောက်များ ကြုံတွေ့ရတတ်သော အခက်အခဲများ လျော့နည်းပပျောက်စေရန် ရည်သန်လျက် မြို့နယ်သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း(၄/၂၀၁၄)ကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ယနေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

သင်တန်းတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၊ ဥပဒေပညာရှင် ဦးဟန်ညွန့်နှင့် သတင်းစာပညာရှင် မစ္စတာ မိုက်ကယ်ပန် (Mr. Micheal Pan) တို့က သတင်းစာလုပ်ငန်း၊ သတင်းရေးသားနည်း၊ သတင်းကျင့်ဝတ်နှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများအပါအဝင် လက်ရှိပစ္စက္ခကာလတွင် တွေ့မြင်ကြားသိနေရသော ပဋိပက္ခဆိုင်ရာများနှင့် ခေတ်မီသတင်းရေးသားနည်းများကို ပို့ချသွားမည်ဖြစ်သည်ဟု သိရသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ကယားပြည်နယ်တို့မှ မြို့နယ်သတင်းထောက်များ၊ ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်း-နန္ဒ၊ ဓာတ်ပုံ-ကိုထက်)

❂ ကျောဖုံးမှ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ရန်ကုန်)နှင့်ညှိနှိုင်း၍ အိန္ဒိယနိုင်ငံ ပူးနေမြို့ရှိ ဗိုင်းရပ်စ်ဗေဒဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ ရှိ/မရှိ ဓာတ်ခွဲအဖြေအား တစ်ပတ်ခန့်ကြာမှသာ သိရှိနိုင်မည်ဖြစ်သည်။

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေကြောင်းတာဝန်ခံနှင့်ဆက်သွယ်၍ သံသယရှိလူနာ စီးနင်းလိုက်ပါလာသော လေယာဉ်အား ရောဂါပိုးသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် လေဆိပ်ဝန်ထမ်းများ၊ လေဆိပ်အတွင်း ပစ္စည်းများသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်နေသူများအား ရောဂါကူးစက်မှု မရှိစေရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လေဆိပ်အတွင်း Conveyor Belt ရောဂါပိုးသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဦးစီးဌာနရှိ တာဝန်ခံများနှင့် အခြားဝန်ထမ်းများအား ဆက်သွယ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❖ မလေးရှားအသင်းမှ

ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာယူ-၁၉ အသင်းအတွက် အနိုင်ဂိုးများကို တစ်မိနစ်တွင် သန်းပိုင်၊ ၁၇ မိနစ်နှင့် ၃၃ မိနစ်တို့တွင် အောင်သူတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဒုတိယပိုင်းတွင်လည်း ဂိုးထပ်မံရရှိနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

မြန်မာယူ-၁၉ အသင်းမှာ ယခုပြိုင်ပွဲတွင် တောက်လျှောက်ခြေစွမ်းပြနေပြီး အုပ်စုပွဲစဉ်များတွင်လည်း လေးပွဲစလုံး အနိုင်ရရှိခဲ့သည်။

ပြည်သူပါမှ အောင်ပွဲရမည်

ကိုမောင်(မူးယစ်)

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ အိမ်ထောင်စုတစ်စု၏ ပြဿနာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံး၏ ပြဿနာဖြစ်သည့်အတွက် လူသားအားလုံးက ဆန့်ကျင်တိုက်ဖျက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားဖြင့် ရပ်ကွက်/ကျေးရွာ၊ အိမ်ထောင်စု တစ်စုချင်းအထိ စောင့်ရှောက်ထိန်းသိမ်းရန် ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများ စုဖွဲ့၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်းများ ဖွဲ့စည်းပြီး မိမိတို့ကျေးရွာ/ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်/ရောင်းဝယ်သူများအတွက် နေရာမရှိအောင် ဝိုင်းဝန်းဆန့်ကျင်ကြမည်ဆိုလျှင် မူးယစ်ဆေးဝါးပြဿနာများ အမြန်လျော့နည်းသွားမည်ဖြစ်ပါသည်။

ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သတင်းပေးသူများ၊ ဆန့်ကျင်သူများ အလွန်နည်းပါးပါသည်။ ရန်ငြိုးရန်စကြောင့် လက်စားချေလို၍ သတင်းပေးခြင်း၊ မနာလို၍ အကျိုးစီးပွားပျက်စေရန် သတင်းပေးခြင်းနှင့် ငွေကြေးအကျိုးအမြတ်ရလို၍ သတင်းပေးခြင်းမျိုးသာ တွေ့ရှိခဲ့ရပါသည်။

ယခုအခါ ပြည်သူများက မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးကို အမှန်တကယ်သိရှိနားလည်ပြီး စိုးရိမ်ထိတ်လန့်လာကြသဖြင့် ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လာသည်ကို ဝမ်းမြောက်စွာ တွေ့ရှိခဲ့ရပါသည်။

၂၀၁၄ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် နမ့်ပေါ်ချောင်းအနီး လယ်ကွင်းများတွင် မူးယစ်ဆေးဝါးရောင်းဝယ် သုံးစွဲသူများကို တာဝန်ရှိပြည်သူများက မူးယစ်တပ်ဖွဲ့စု (၂၂) နှင့် ပူးပေါင်းဖမ်းဆီးခဲ့ကြသဖြင့် ရန်အားချိုက် (၂၅) နှစ်အား ဘိန်းချေး ၁၀ ဂရမ်နှင့်လည်းကောင်း၊ ရင်ကွေ (ခ) မောင်ရွှေ(၄၀)နှစ်အား ဘိန်းချေး ၁၀ ဂရမ်နှင့်လည်းကောင်း၊ ကျော်ဝင်းဆင့် (၃၀)နှစ်အား စိတ်ကြွရူးသွပ်ဆေးပြား လေးပြားနှင့်လည်းကောင်း၊ မဝင်းဝင်းနိုင် (၂၇) နှစ်နှင့် အိုက်ခေး(ခ)အိုက်အုန်း (၃၉)နှစ်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၉၃၅ ပြားနှင့်လည်းကောင်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

အလားတူ မေလနှင့် ဇူလိုင်လများတွင် နမ့်ခမ်းမြို့ရှိ ပြည်သူလူထုပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် ပေါက်နေရပ်ကွက်နှင့် သာယာကုန်းရပ်ကွက် လယ်ကွင်းတွင် တူးဂျာ (၃၄)နှစ်အား ဘိန်းဖြူ သုည ဒသမ ၁ ဂရမ်ဖြင့်လည်းကောင်း၊ ထွန်းမြတ်(၃၈)နှစ်အား ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်နှင့်လည်းကောင်း၊ အိုက်လင်း(၂၉)နှစ်အား ဘိန်းဖြူ ၁ ဒသမ ၇ ဂရမ်၊ ငွေကျပ် ၂၀၀၀၀ နှင့်လည်းကောင်း၊ အိုက်ထွန်း (၂၈)နှစ်အား ဘိန်းဖြူ ၁ ဒသမ ၆ ဂရမ်၊ ငွေကျပ် ၃၀၀၀၀ နှင့်လည်းကောင်း၊ မျိုးဇော်ထွန်း (၃၀)နှစ်အား ဘိန်းဖြူ ၁ ဒသမ ၆ ဂရမ်၊ ငွေကျပ် ၂၂၀၀၀ နှင့်လည်းကောင်း၊ ပန်းဆိုင် (၄၂)နှစ်အား ဘိန်းဖြူ ၁ ဒသမ ၅ ဂရမ်၊ ငွေကျပ် ၃၀၀၀၀ နှင့်လည်းကောင်း၊ အားဟွယ် (ခ) တင်ရွှေ (၃၉) နှစ်အား ဘိန်းဖြူ ၁ ဒသမ ၇ ဂရမ်၊ ငွေကျပ် ၂၀၀၀၀ နှင့်လည်းကောင်း ဖမ်းဆီးနိုင်ခဲ့သည်။

နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ခွန်ဒိမ် (ခ) မာယော် (၂၂)နှစ်အား စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ နှင့်အတူ ဇူလိုင် ၂၄ ရက်တွင် ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မူဆယ်မြို့နယ် တီးမကျေးရွာ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မူးယစ်ဆေးဝါးအမှုပေါင်း ငါးမှု၊ အမျိုးသားတရားခံ ငါးဦး၊ အမျိုးသမီးတရားခံ နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄ ပြား၊ ဘိန်းဖြူ ၁၈ ဒသမ ၈ ဂရမ်တို့နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာနေ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အမှုပေါင်း ခုနစ်မှုမှ အမျိုးသားတရားခံ ခုနစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၄ ပြား၊ ဘိန်းဖြူ ၄ ဒသမ ၇၅၂ ဂရမ်နှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပေါ် ပြည်သူလူထုက ပူးပေါင်းပါဝင်ကြသည့်အတွက် ရပ်ကွက်/ကျေးရွာ အစွန်အဖျားများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်/သုံးစွဲသူများအား ဥပဒေအရ အရေးယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ ပြည်သူများကိုယ်တိုင် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်များ တားဆီးကာကွယ်ကြသကဲ့သို့ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များကလည်း ပူးပေါင်းဆောင်ရွက်ပါက မျိုးဆက်သစ်လူငယ်ထုအားခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးပြဿနာကို အမြန်တွန်းလှန်ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်လည်း နိုင်ငံတော်က ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေထုတ်ပြန်ထားရှိသည်။ ထိုနည်းဥပဒေအခန်း (၄) ပုဒ်မ ၂၀ တွင် "မည်သူမဆို အများပြည်သူတို့သွားလာနိုင်သည့်နေရာတွင် မိမိ၏ရှေ့မှောက်၌ ပြစ်မှုတစ်ခုခုကျူးလွန်နေသည်ကိုတွေ့ရှိသည့်အခါ ရာဇဝတ်မ်ံမပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပြုနိုင်သည်။ ထိုသို့ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ စနစ်တကျလွှဲအပ်ရမည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းများနှင့်တကွ အနီးစပ်ဆုံးရဲစခန်းသို့ စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်"ဟု ပြဋ္ဌာန်းထားသည်။

နည်းဥပဒေပုဒ်မ ၂၀ အရ မည်သူမဆို အများပြည်သူ ဝင်/ထွက်သွားလာနိုင်သည့်နေရာတွင် ဖမ်းဆီးအရေးယူနိုင်ပါသည်။ သို့သော်လည်း အများပြည်သူဝင်/ထွက်သွားလာနိုင်သည့်နေရာမဟုတ်သည့် နေအိမ်၊ အဆောက်အအုံများတွင် ထိုကဲ့သို့ဆောင်ရွက်ရန် ခွင့်ပြုမထားသည်ကို သတိပြုကြရမည်ဖြစ်သည်။ ထိုကဲ့သို့နေရာများတွင် သတင်းရရှိ၍ ရှာဖွေဖမ်းဆီးမည်ဆိုပါက ရှာဖွေဝရမ်းထုတ်ပေးထားရှိသည့် ရဲအရာရှိတစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါသည်။

ပြည်သူလူထုက ၎င်းတို့ရပ်ရွာအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်/သုံးစွဲသူများကြောင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းလာသည်ကို စိုးရိမ်ကြောင့်ကြသဖြင့် ဖမ်းဆီးအပ်နှံသူများအား သက်ဆိုင်ရာတရားစွဲ အဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့များကလည်း ဥပဒေနှင့်အညီဖြစ်ရေး ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါသည်။

ဖမ်းဆီးသည့် ပြည်သူများကလည်း ပြစ်မှုကျူးလွန်သူများအား ရဲတပ်ဖွဲ့သို့ အပ်နှံပေးရုံနှင့်မပြီးဘဲ မိမိမျက်မှောက်တွင် ပြစ်မှုကျူးလွန်မှုနှင့် မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိမှုများကို သက်ဆိုင်ရာတရားရုံးသို့ သွားရောက်၍ မှန်ကန်စွာ သက်သေခံထွက်ဆိုပေးမှသာ ၎င်းတို့ကျူးလွန်သည့် ပြစ်မှုများထင်ရှားပေါ်ပေါက်မည်ဖြစ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံးက မူးယစ်ဆေးဝါးပြဿနာအပေါ် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်မှုများသည် အဓိကအရေးပါသည့်ကဏ္ဍဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ်ဆန့်ကျင်တိုက်ဖျက်ရေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ယခုအခါ ပြည်သူများက မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးကို အမှန်တကယ် သိရှိနားလည်ပြီး စိုးရိမ်ထိတ်လန့်လာကြသဖြင့် ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လာ။

နွားထိုးကြီးမြို့နယ်၌ မိုးကွက်ကြားနှင့် မိုးမြေပဲ အောင်မြင်

နွားထိုးကြီး ဩဂုတ် ၂၀

နွားထိုးကြီးမြို့နယ် ထန်းဇင်ကျေးရွာတွင် ယခုနှစ် ကွက်ကြားမိုးရွာသွန်းခဲ့ပြီး မိုးမြေပဲများပျက်စီးမှုကင်းလွတ်ခဲ့ပြီဟု ထန်းဇင်ရွာ တောင်သူတို့က ဆိုသည်။

ထန်းဇင်ရွာရှိ ကွင်းအမှတ် ၅၇၄ (က) ပိုင်ရှင်ဦးဟံထွန်းက "မြေပဲခင်းက အအောင်မြင်ဆုံးတော့ မဟုတ်ပေမယ့် ဒီဘက်ရာသီဥတုနဲ့စာရင် အသင့်အတင့်တော့ ထွက်ပါတယ်။ အခုစိုက်ထားတာ မိုးမြေပဲပါ။ အခုချိန်ထိကြည့်ရင်တစ်ဧက တင်း ၆၀ လောက် ထွက်ပါမယ်။ ပဲမနုတ်ခင် နောက်တစ်မိုးမိလိုက်ရင်တော့ တင်း ၈၀ ကျော်ထိထွက်နိုင်ပါတယ်"ဟု ၎င်း၏ တောင်သူအတွေ့အကြုံကို ရှင်းပြသည်။

မြေပဲစိုက်မည်ဆိုလျှင် မြေကြီးအစိုဓာတ် ထိန်းထားနိုင်သော စိမ်းမြေက အကောင်းဆုံးဟုဆိုသည်။ နိုင်ငံခြားကလာသည့် မြေဩဇာထက် သဘာဝမြေဩဇာ နွားချေးနဲ့ ကြက်ချေးကိုသာ အဓိကထည့်သွင်းထားကြောင်း ၎င်းက ဆိုသည်။

"ပုံမှန် တစ်ဧက တင်း ၁၀၀ ထွက်တဲ့မြေတွေက အခုရာသီဥတုမမှန်တာကြောင့် တင်း ၅၀ ကနေ ၇၀၊ ၈၀ ထိပဲ အများဆုံးထွက်နေပါတယ်။ အခုမြေပဲတွေက သီတင်းကျွတ်ရင် ဖော်ရမှာပါ။ ပြီးရင် ဆောင်းမြေပဲ ထပ်စိုက်ပါမယ်။ ထန်းဇင်ရွာမှာတော့ နှမ်းထက် မြေပဲကို အဓိကထားစိုက်ကြပါတယ်"ဟု ဦးဟံထွန်းက ဆိုသည်။

နွားထိုးကြီးမြို့နယ် ဒေသအတော်များများမှာ ယခုနှစ်မိုးခေါင်နေ၍ သီးနှံများ ပျက်စီးဆုံးရှုံးမှုရှိနေရာ တောင်သူအချို့ သီးနှံမစိုက်နိုင်ဘဲ ထယ်ရေးလုပ်ထားရသည်။ အညာသား တစ်မိုးလိုဖြင့် အညာတောင်သူတွေ သီးနှံမရဘဲဖြစ်နေကြသော်လည်း ယခုနှစ်ထန်းဇင်ရွာမှ မြေပဲစိုက်တောင်သူတို့ မြေပဲအထွက်မညံ့ဘဲ တစ်ဧက တင်း ၇၀၊ ၈၀ ခန့်မှန်းနိုင်နေပြီး မြေပဲပေါ်ချိန် ဈေးကောင်းရန်လည်း တောင်သူတို့ မျှော်လင့်နေကြသည်။

နွားထိုးကြီးမြို့နယ်တွင် ပင်ထောင်မြေပဲ၊ ပင်ဖြန့်မြေပဲဟူ၍ ပဲကြီး၊ ပဲလေးခွဲစိုက်နေရာ မိုးကြောင့် မြေပဲစိုက်ဧကများမလျော့ဘဲ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်နေရာ ဧက ၁၂၀၀ ကျော်ရှိကြောင်း သိရသည်။

(ခင်ဇာမွန်မြင့်-ဥပဒေ)

တနင်္သာရီမြစ်ဝသန့်စင်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာအစီအမံများ ရှင်းလင်းပွဲကျင်းပ

တနင်္သာရီ ဩဂုတ် ၂၀

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးသည် အထူးအရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်။ နိုင်ငံတော်မှ ယနေ့ အားပေးဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် ပြည်သူတို့၏ လူမှုဘဝတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဒေသအလိုက် ဇုန်အလိုက်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုသည် အာဆီယံနိုင်ငံများတွင် နောက်ဆုံး၌ရှိ၍ ၃၀ ရာခိုင်နှုန်းသော ပြည်သူများသာ လျှပ်စစ်သုံးစွဲနိုင်သည်။ နိုင်ငံတော်အစိုးရသည် ကျန်ရာခိုင်နှုန်းလျှပ်စစ်အပြည့်အဝသုံးစွဲနိုင်ရန်အတွက် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတည်ဆောက်သွားမည်ဟု လျှပ်စစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောကြားသည်။

ကျောက်မီးသွေးသုံးစွမ်းအင်သည် နျူကလီးယားနှင့် ရေအားလျှပ်စစ်ပြီးလျှင် ဓာတ်အားခဈေးနှုန်းအသက်သာဆုံးပင်ဖြစ်သည်။ ထို့အပြင် စက်ရုံတည်ဆောက်မှုကာလ သုံးနှစ်မှငါးနှစ်အတွင်း မဂ္ဂါဝပ်ရာထောင်ချီ၍ တည်ဆောက်ပြီးစီးနိုင်သည်။ ထို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး အထောက်အကူဖြစ်စေမည့် တနင်္သာရီမြစ်ဝသန့်စင်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ရန် အဆိုပြုထားကြောင်း သိရသည်။

တနင်္သာရီမြစ်ဝအနီးတည်ဆောက်မည့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာအစီအမံများအား ရှင်းလင်းချပြခြင်း အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တုံးပြောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခန့်ကကျင်းပရာ **(ယာပုံ)**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်တွင်း ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများ၏ သိလိုသည်များကို စီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Ratchaburi Electricity Generating Holding Public Co.,Ltd. Blue Energy & Environment Co.,Ltd. Vantage Co.,Ltd. နှင့် ကျော်ကျော်ဖြိုးကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(နိုင်ငွေးအောင်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများ လှည့်လည်စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လုပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ အချိန်အခါမရွေး အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဝန်ထမ်းများနေထိုင်သော ရပ်ကွက်များတွင် ဈေးများဖွင့်လှစ်ပေးခဲ့ရာ ယင်းဈေးများတွင် ရောင်းချသော ဈေးသည်များအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းလတ်ဆတ်သော၊ ဆိုးဆေးများကင်းလွတ်၍ အရောအနှောကင်းသော ကုန်ပစ္စည်းများရောင်းချရေးတို့အတွက် အဓိကထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဈေးများဌာနမှူး ဦးမင်းလွင်စိုးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများရှိ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများနှင့်အတူ နေပြည်တော် မြို့မဈေး၊ အာဟာရသုခဈေး၊ ပျဉ်းမနားမြို့မဈေးနှင့် သပြေကုန်းဈေး၊ ရွှေကြာပင်ဈေးများသို့ သွားရောက်၍ မိုးရာသီတွင် သန့်ရှင်းရေးကို အဓိကထား၍ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ဆေးဖြန်းခြင်း၊ သားငါးများအား ယင်လုံဆန်ခါများအသုံးပြု၍ ရောင်းချရေး၊ မိမိတို့ရောင်းချသော ကုန်ပစ္စည်းအရောအနှောကင်းရေး၊ သန့်ရှင်းလတ်ဆတ်ကောင်းမွန်စေရေး၊ အထူးသဖြင့် ငါးပိငါးခြောက်၊ ရေချိုငါးပိနှင့် မှျစ်များ၊ ငရုတ်သီးမှုန့်တို့တွင် ဓာတုဆေးဝါးများ ကင်းလွတ်ရေးတို့ကို လိုက်လံစစ်ဆေးပြီး ဈေးသည်များအား မှာကြားခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံတွင် စားသုံးသူများ အကာအကွယ်ပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့မှ နေပြည်တော်အတွင်းရှိ ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများကို သွားရောက်စစ်ဆေးကြည့်ရှုပြီး ပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

ဇော်မင်းအောင်(၁၀၇)

လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်

- ❖ မြွေကိုက်လျှင် ဆေးရှိသည်၊ ဓာတ်လိုက်လျှင်ဆေးမရှိ။
- ❖ လျှပ်စစ်အသိ လျှပ်စစ်သတိ လုံးဝအန္တရာယ်မရှိ။
- ❖ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေး။
- ❖ ဓာတ်အားလိုင်းကြိုးများနှင့် အိမ်တွင်းဝါယာကြိုးများတွင် ဓာတ်အားရှိသည်ဟု အမြဲမှတ်ယူပါ။
- ❖ ဓာတ်လိုက်နေသူအား လက်ဖြင့်မဆွဲရ။ ဓာတ်မလိုက်နိုင်သော ပစ္စည်းတစ်ခုခုဖြင့် တွန်းထုတ်ခြင်း၊ ဖယ်ရှားခြင်းဆောင်ရွက်ရမည်။ (ဥပမာ- ခြောက်သွေ့နေသော သစ်သားချောင်း၊ ဝါးလုံး)
- ❖ ဓာတ်လိုက်မှုဖြစ်ပွားပါက မိန်းခလုတ်ကို အမြန်ဆုံးပိတ်ရမည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးချက်လုပ်သည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၀

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်ခရိုင် စတုံးအုပ်စု မယ်ကြုတ်နယ်မြေအတွင်း ဩဂုတ် ၁၈ ရက်က နယ်မြေရှင်းလင်းစဉ် ဂက်စ်အိုးအရည်ပါ ခြောက်လုံး၊ ဂက်စ်အိုးအခွံ ၂၉ လုံး၊ အီသိုင်းအီသာ သုံးပုံး(၃၁ ဒသမ ၈၂၂ လီတာ)၊ ငါးဂါလန်ဆံ့ အပြာရောင်ပလတ်စတစ်ပုံးခွံ ငါးပုံး၊ စိတ်ကြွဆေးပြားထည့်သည့် ပလပ်စတစ်ကပ်ခွာအိတ်အခွံ ၁၂၀၀၀ နှင့် သံပိုက်ကြိုးသုံးခွေတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မူးယစ်ဆိုက ဆန့်ကျင်ကြ

တရားဥပဒေစိုးမိုးရေး တွေ့ဆုံပွဲကျင်းပ

ပဲခူး ဩဂုတ် ၂၀

ပဲခူးမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် တွေ့ဆုံပွဲကို ဩဂုတ် ၂၀ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အတွင်းရေးမှူး ဦးမောင်မောင်သန်းက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)** (၀၇၅)

ရခိုင်ပြည်နယ်ကိစ္စကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးတို့က ညီညွတ်နှိုင်းနှိုင်းပူးပေါင်းပြီး သိသိသာသာ အောင်မြင်တိုးတက်အောင် လုပ်ဆောင်ကြစေလို

☆ရွှေဖုံးမှ
စတင်ခံစားနေရပြီ ဖြစ်ပါကြောင်း၊ သို့သော်လည်း တိုးတက်မှုရလဒ်များ ရရှိသလို တစ်ဖက်ကလည်း အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည်များရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့ ရရှိပြီးသည့် အရှိန်အဟုန်ကို ထပ်ပြီးမြှင့်တင်နိုင်ရန်လိုအပ်ပါကြောင်း၊ သို့ရာတွင် အရှိန်အဟုန်မြင့်မားအောင် ဆောင်ရွက်နိုင်မည့်အချိန်သည် အချိန်အားဖြင့် တစ်နှစ်ကျော်ကျော်ခန့်သာ ကျန်ရှိတော့သည်ကို သတိပြုရန်လိုအပ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြောကြားစဉ်။ (သတင်းစဉ်)

ပြီးခဲ့သည့် သုံးနှစ်တာကာလကို ပြန်ကြည့်လျှင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော် ဆောင်ရွက်မှုတွင် ယခုအခါ ပစ်ခတ်တိုက်ခိုက်မှုများ မရှိသလောက်ဖြစ်နေပြီဖြစ်ပါကြောင်း၊ တစ်ပြည်လုံးအတိုင်းအတာနှင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းနေသည့်အဆင့်များ တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပါကြောင်း၊ သမိုင်းနှင့်ချီ၍ဒေသစွဲ၊ ဝါဒစွဲ၊ အတွေးအခေါ်အယူအဆများ ကွဲလွဲမှုရှိနေသည့် အဖွဲ့အစည်းများကို အချိန်တိုအတွင်း တစ်သားတည်းဖြစ်အောင် လုပ်ရန်ဆိုသည်မှာ မလွယ်ကူသည့်ကိစ္စဖြစ်သော်လည်း ပစ်ခတ်တိုက်ခိုက်နေမည့်အစား စားပွဲထိုင်ညှိနှိုင်းဆွေးနွေး၍ တူညီသည့်အချက်များကို သဘောတူမှတ်သားပြီး မတူညီသည်များကိုဆက်လက်ဆွေးနွေးအတည်ပြုကြရမှာဖြစ်ပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုကြည့်လျှင် ၂၀၁၀-၂၀၁၁ စာရင်းဇယားအရ ကုန်သွယ်မှု ပမာဏ ၁၅ ဒသမ ၂၇၃ ဘီလီယံမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၄ ဒသမ ၉၆၃ ဘီလီယံအထိ တိုးတက်လာပြီး ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ၂၀၁၀-၂၀၁၁ စာရင်းအရ လျှပ်စစ်၊ စွမ်းအင်၊ သတ္တုကဏ္ဍတို့မပါဘဲ တွက်ချက်ကြည့်သည့်အခါ အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၀၇ သန်း ရင်းနှီးမြှုပ်နှံမှုရှိခဲ့ပြီး ယခုအခါ အမေရိကန်ဒေါ်လာ ၄၁၀၇ ဒသမ ၀၅၅ သန်းအထိ တိုးတက်လာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူဗဟိုပြုသော ပြည်သူများပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲအုပ်ချုပ်မှုပုံသဏ္ဌာန်ကိုပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ ပြည်သူတို့၏ လိုအပ်ချက်၊ ပြည်သူတို့၏ဆန္ဒ၊တင်ပြချက်များကို ကွင်းဆင်းပြီး ပြည်သူတို့နှင့်တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နိုင်ရန် Delivery Unit များဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အစိုးရဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးနိုင်ခဲ့ပါကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟိုက ချုပ်ကိုင်သည့်စနစ်ကို အတတ်နိုင်ဆုံးလျှော့နည်းစေရေးအတွက် Decentralize စနစ်ကို ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

လာဘ်ပေးလာဘ်ယူမှုများနှင့်စပ်လျဉ်းပြီး ဝန်ထမ်းများအတွင်း လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ ရှိနေဆဲဖြစ်ပြီး လာဘ်ပေးလာဘ်ယူမှုများပပျောက်စေရန် ဝန်ထမ်းများ၏စိတ်ဓာတ်ကအစပြောင်းလဲပစ်ရန်လိုအပ်ပါကြောင်း၊ ကျန်ရှိသည့်ကာလအတွင်း လာဘ်ပေးလာဘ်ယူမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားကြရန်ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့သည် အရေးကြီးပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်သည့်အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများသိသိသာသာပြောင်းလဲတိုးတက်လာအောင် ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ပညာရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို လုပ်ဆောင်လာခဲ့ရာ တိုးတက်မှုများကို တွေ့မြင်လာရပါကြောင်း၊ ယခင်က မူလတန်းအဆင့်ကိုသာ အခမဲ့ပညာသင်ကြားခွင့်ရရှိခဲ့ရာမှ ယခုအခါ အလယ်တန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကိုပါ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်ပြီး ပြုပြင်စရာများရှိနေပါကြောင်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနကို ရည်မှန်းချက်တစ်ရပ်အနေဖြင့်ဆောင်ရွက်ရန် ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်သူများကို ကျန်းမာသန်စွမ်းသည့်လူမျိုးများဖြစ်စေချင်သည့်အတွက် ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာအောင် အထူးအလေးပေးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် ပြည်သူအများ ခံစားစံစားရသည့်ကိစ္စရပ်များဖြစ်သည့်အတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသိသိသာသာပြောင်းလဲတိုးတက်လာစေရန် မိမိတို့အစိုးရ၏ကျန်ရှိသည့်သက်တမ်းကာလအတွင်းနှင့် နောင်အနာဂတ်အတွက်ပါ ရည်မှန်းပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ကိစ္စတွင် ဘာသာမတူ၊ လူမျိုးမတူသည့်လူအုပ်စုနှစ်စုအကြား ဖြစ်ပေါ်နေသည့်ပြဿနာများသည် ကမ္ဘာကနေပြီး မိမိတို့မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအပိုင်းကို အားနည်းချက်တစ်ရပ်အနေဖြင့် မျက်လုံးဒေါက်ထောက် ကြည့်နေသည့်အနေအထားရှိနေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို အားပေးထောက်ခံသည့်နိုင်ငံများက ရခိုင်ပြည်နယ်ကိစ္စတွင် ဝိုင်းဝန်းကူညီဖြေရှင်းပေးလိုသည့် စစ်မှန်သောစေတနာကောင်းများရှိနေသည်ကိုလည်း မြင်တွေ့ရပါကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးတို့က ညီညွတ်နှိုင်းနှိုင်းပူးပေါင်းပြီး သိသိသာသာ အောင်မြင်တိုးတက်အောင် လုပ်ဆောင်ကြစေလိုပါကြောင်း။

ဒီမိုကရေစီစနစ်ကို စတင်ပြောင်းလဲခဲ့သည့် ပထမဦးဆုံးအစိုးရဖြစ်သည့် အပြင် အောင်မြင်သည့် အစိုးရ၊ ပြည်သူများ အားကိုးယုံကြည်သည့် အစိုးရအဖြစ် သမိုင်းတွင်ကျန်ရစ်စေရန်။

အစိုးရအနေဖြင့် မိမိတို့၏ဝန်ကြီးဌာနအလိုက် လုပ်ဆောင်ရမည့် မူလလုပ်ငန်းတာဝန်များအပြင် အစိုးရတစ်ဖွဲ့လုံးအပေါ် ပြည်သူများ၏ နားလည်မှု၊ ယုံကြည်မှု၊ အားကိုးမှုများကိုရရှိလာအောင် Team Work ဖြင့် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအတွင်း စည်းလုံးညီညွတ်မှုကိုတစ်ဖက်ကတည်ဆောက်ရမှာဖြစ်သလို ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခုအတွင်း၌လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြင့် ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများမရှိရအောင် လက်အောက်ကိုမူဝါဒများချမှတ်ပေးပြီး လုပ်ပိုင်ခွင့်များ၊ ဆုံးဖြတ်ပိုင်ခွင့်များပေးရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ လုပ်ပိုင်ခွင့်များ၊ ဆုံးဖြတ်ခွင့်များပေးထားပါလျက် လက်အောက်မှ မမှန်မကန်လုပ်ကိုင်လာသည်ကို တွေ့ရှိရပါက ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်လိုပါကြောင်း။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင် Quick Win ရရှိအောင် ရေတိုပြုပြင်ပြောင်းလဲသင့်သည်များ၊ ရေရှည်စီမံကိန်းများအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် အုတ်မြစ်ချပေးသင့်သည်များကို ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လက်တန်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စီမံချက်များ၊ မူဝါဒများချမှတ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ပုဂ္ဂလိကကဏ္ဍအဆင့်နှင့် လူမှုရေးအဖွဲ့အစည်းများအပါအဝင် အားလုံးသိုင်းဝိုင်းပြီး လက်တွေ့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားငွေချေးလုပ်ငန်းနှင့် သ/မအစုအဖွဲ့လုပ်ငန်း၊ ကျေးရွာ မီး၊ ရေ၊ ပညာရေး၊ ကျန်းမာရေး၊ လက်ရှိစက်မှုဇုန်များနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း ကဏ္ဍအလိုက် အားပေးမြှင့်တင်ပြီး လိုအပ်ချက်များကို မိမိတို့အစိုးရအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမှာ ဖြစ်ပါကြောင်း။

အလုပ်အကိုင်ရရှိရေးအတွက် စက်ရုံ၊ အလုပ်ရုံများ ဖန်တီးပေးနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ချပြရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံသားများကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည့် အလုပ်ရုံ၊ စက်ရုံ၊ ကုန်ထုတ်လုပ်ငန်း၊ Manufacturing လုပ်ငန်းများကို စိတ်ပါဝင်စားလာစေရန် စက်ရုံ၊ အလုပ်ရုံများတည်ဆောက်လုပ် ကိုင်နိုင်ရေးတွန်းအားပေးရန်လည်းလိုအပ်ပါကြောင်း၊ မိမိတို့၏ Third Wave တွင် အလုပ်အကိုင်ရရှိရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အလေးထားလုပ်ကိုင်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့အစိုးရသည် ဒီမိုကရေစီစနစ်ကို စတင်ပြောင်းလဲခဲ့သည့် ပထမဦးဆုံးအစိုးရဖြစ်သည့်အပြင် အောင်မြင်သည့် အစိုးရ၊ ပြည်သူများ အားကိုးယုံကြည်သည့် အစိုးရအဖြစ် သမိုင်းတွင်ကျန်ရစ်စေရန် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ Third Wave တွင် အစိုးရက မည်သည့်လုပ်ငန်းများလုပ်မည်ဆိုသည်ကို ပြည်သူများက နေ့စဉ်မျှော်လင့်တကြီး စောင့်ကြည့်နေမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏အမြင်တွင် သိသိသာသာဖြစ်အောင် အရှိန်မြှင့်တင်သွားရန် လိုပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် GDP တွက်ချက်ရာတွင် GDP Happiness လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည်ကိုတွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် အများပြည်သူအပန်းဖြေအနားယူသည့် နေရာများကို မြို့ရွာများတွင် စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်နှင့် သင့်တင့်သည့်ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ ဖန်တီးပေးရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ဖန်တီးပေးသည့်နည်းတူ တစ်ဖက်ကလည်း သဘင်၊ ဂီတ၊ ရုပ်ရှင်အစရှိသော အနုပညာရှင်များကို တတ်နိုင်သမျှ အားပေးကူညီပေးသွားကြရန် ပြောကြားလိုပါကြောင်း။

ထို့ပြင် မိမိတို့အစိုးရတာဝန်ယူချိန်အစတွင် မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး Last Development Country(LDC) နိုင်ငံအဖြစ် သတ်မှတ်ခံထားရသည်ကို ရုန်းထွက်နိုင်ရန် ကြိုးစားမည်ဟု အများပြည်သူကို အသိပေး ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် LDC အဖြစ်သတ်မှတ်ခံရသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံတွင် အာဆီယံဒေသအတွင်း LDC သတ်မှတ်ခံရသည့် မိမိတို့နိုင်ငံအပါအဝင် လာအို၊ ကမ္ဘောဒီးယား သုံးနိုင်ငံသာရှိပါကြောင်း၊ LDC စာရင်းက လွတ်မြောက်ရန်အတွက် နိုင်ငံတစ်နိုင်ငံသည် ညွှန်းကိန်းသုံးရပ်အနက် ညွှန်းကိန်း နှစ်ရပ်ဖြင့် ပြည့်စုံရန်လိုအပ်သည့်အတွက် လက်ရှိအနေအထားအရ မိမိတို့အတွက် အခွင့်အလမ်းများရှိနေပါကြောင်း၊ LDC အဆင့်ကလွတ်မြောက်အောင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အိုးမဲ့အိမ်မဲ့၊ ကျူးကျော်ကိစ္စရပ်များသည်လည်း နိုင်ငံက ဖြေရှင်းရမည့်ကိစ္စရပ်တစ်ရပ်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ဥပဒေအရ ထိန်းသိမ်းသွားရမှာဖြစ်ပြီး တစ်ဖက်ကလည်း အရေးယူသွားရုံနှင့် မပြီးဘဲ ပြဿနာများကို ဖြေရှင်းပေးရမှာဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်နေသည့် Effortable Housing Project ကို လုပ်ဆောင်ပေးနေရာတွင် ရန်ကုန်၊ မန္တလေးကိုသာ ဦးစားပေးမနေဘဲ အခြားမြို့ကြီးများဖြစ်သည့် တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မုံရွာ၊ မကွေးနှင့် စစ်တွေစသည့်မြို့များကိုပါ ဆင်းရဲနွမ်းပါးသူများ၊ အိုးမဲ့အိမ်မဲ့များနေထိုင်နိုင်အောင် သက်သာသော ဈေးနှုန်းများနှင့် Public Housing Project များကို ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း။

မြေယာကိစ္စများနှင့်ပတ်သက်၍ မိမိတို့အစိုးရအပေါ် ပြစ်တင်ဝေဖန်မှုများ နည်းမျိုးစုံဖြင့် ဝေဖန်ပြစ်တင်နေကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ယခုကိစ္စရပ်များသည် မိမိတို့အစိုးရလက်ထက်တွင် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ယခင်အဆက်ဆက်က ဖြစ်လာသည့်ကိစ္စများဖြစ်သော်လည်း မိမိတို့အစိုးရအနေဖြင့် နည်းလမ်းများရှာဖွေပြီး ဖြေရှင်းဆောင်ရွက်ပေးနေပါကြောင်း၊ မြေယာကိစ္စများကို ဒုတိယသမ္မတဦးစီးပြီး

ဒုတိယသမ္မတ ဦးညွန့်ထွန်း ပြောကြားစဉ်။ (သတင်းစဉ်)

ဖြေရှင်းဆောင်ရွက်ပေးနေပါကြောင်း၊ မြေယာကိစ္စများနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ကြန့်ကြာမှုများ၊ နှောင့်နှေးမှုများမရှိအောင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ယေဘုယျအားဖြင့်ကြည့်လျှင် ကဏ္ဍတစ်ခုစီ၊ သီးခြားစီ ဆောင်ရွက်နေသော လုပ်ငန်းများဟု ထင်ရသော်လည်း ယင်းတို့အားလုံးသည် တစ်ခုနှင့်တစ်ခုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ချိတ်ဆက်ထားသည့် ကဏ္ဍကြီးတစ်ခု၏လုပ်ငန်းစဉ်များသာဖြစ်ပါကြောင်း။

နိုင်ငံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် လူတိုင်းပါဝင်ခွင့်ရှိသည့် ဒီမိုကရေစီနိုင်ငံရေးဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ၊ နိုင်ငံရေးပါတီဖွဲ့စည်းရေးဆိုင်ရာ ဥပဒေများပြင်ဆင်ခြင်း၊ ဥပဒေနှင့်အညီ သတင်းများ ရေးသားထုတ်ဝေသော မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာစုဝေးဆန္ဒပြခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်း ချမ်းသာခွင့်၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည်တို့သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးကပါ ချီးကျူးဂုဏ်ပြုရသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ လုပ်ငန်းစဉ်သာဓကတချို့ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ပါလိုက်ပါပြီး တိုးတက်ပြောင်းလဲလာသည်ကို မြင်ရပြီးဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးအဆင့်သည် အာဆီယံ (၁၀)နိုင်ငံထဲတွင် အဆင့် (၇)ရှိနေသည်ကို ကြည့်ခြင်းအားဖြင့် ကြိုးစားကြရန်များစွာလိုနေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံ၏စီးပွားရေး (GDP)ဖွံ့ဖြိုးမှုအားနည်းနေသေးသည့်အချိန်တွင် ဝန်ကြီးဌာနအသီးသီးတွင် ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေသည်လည်း နည်းနေဦးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသည့် ကဏ္ဍအသီးသီးက လုပ်ငန်းများ တိုးတက်မှု၊ ကျဆင်းမှုတို့သည် သီးခြားစီဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ ကဏ္ဍတစ်ခုနှင့်တစ်ခုနက်ရှိုင်းစွာချိတ်ဆက်နေသည့် ဖြစ်စဉ်များသာဖြစ်သည့်အတွက် ကျန်ရှိနေသည့် သက်တမ်းကာလအတွင်း Third Wave အစီအစဉ်တွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အတူတကွစုစည်းဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတဦးညွန့်ထွန်းက ကဏ္ဍအလိုက်၊ ဒေသအလိုက်၊ ပါဝင်စီမံခန့်ခွဲအကောင်အထည်ဖော်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အကောင်အထည်ဖော်ရန် လိုအပ်သည့်မူဝါဒများ၊ မျှော်မှန်းချက်အမြင်များ၊ ရည်မှန်းချက်တာဝန်များ၊ လမ်းညွှန်အခြေခံမူများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ထားခဲ့ပြီးဖြစ်ပါကြောင်း။

လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများ ရရှိရန်လိုအပ်သောဥပဒေဆိုင်ရာအခြေခံအဆောက်အအုံများ၊ လူမှုအခြေခံအဆောက်အအုံများ၊ စီးပွားရေးအခြေခံအဆောက်အအုံများ၊ ပညာရပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်၊ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကိုလည်း အကောင်းဆုံးမဟုတ်သည့်တိုင် အတတ်နိုင်ဆုံးအတိုင်းအတာအထိ ဖြည့်ဆည်းပေးထားပါကြောင်း။

မူဝါဒများအတိုင်းစီမံခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်ခြင်းနှင့်ပြုပြင်တည့်မတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း အဆင့်များပါဝင်သည့် Plan, Do, Check, Act စက်ဝန်းအတိုင်း လည်ပတ်စေခြင်းဖြင့် စဉ်တိုက်ဆက်တိုက် တိုးတက်မှုကိုရရှိနိုင်မှာဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးမှ သိသာထင်ရှားသည့်ရလဒ်များနှင့် ပြည်သူလူထု၏အခြေခံလိုအပ်ချက်များကို ဆောင်ကြဉ်းပေးနိုင်ရန် ရလဒ်အခြေပြုစီမံခန့်ခွဲမှုကို ထိရောက်စွာအသုံးပြုသွားနိုင်ရေးအတွက် လူထု၏တက်ကြွသည့်ပါဝင်ပူးပေါင်းမှုရယူသွားရန် လိုအပ်ပါကြောင်း၊ လူထုအပေါ်ထားရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးကတိကဝတ်များကို ဖော်ဆောင်ပေးရန်ပြင်းပြသည့်နိုင်ငံရေးဆန္ဒနှင့် လုပ်ချင်ကိုင်ချင်စိတ်များရှိရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးလှထွန်းနှင့် ဦးတင်နိုင်သိန်းတို့က နိုင်ငံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်၊ စီးပွားရေး၊ ဦးစားပေး လုပ်ငန်းများအကောင်အထည်ဖော်မှု၊ အစိုးရအုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေး Third Wave အရှိန်မြှင့်တင်မှု၊ ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာဒေသအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်လျက်ရှိသော ဒေသအခြေအနေနှင့် ဆောင်ရွက်မှုများ၊ နိုင်ငံတော်၏ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ် အကောင်အထည်ဖော်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ဒေသအလိုက် လူမှုစီးပွားအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ စက်မှုဇုန်များနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူမှုစီးပွားညွှန်းကိန်းများ၊ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ လေးလပတ်အစည်းအဝေးကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာမည်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ

မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မဒေါက်မြို့ တွင် ၅ ဒသမ ၂၀ လက်မ၊ ပူတာအိုမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဇန်းမော်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ သာစည်မြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ငါန်းဇွန်မြို့တွင် ၃ ဒသမ ၁၀ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ လယ်ဝေးမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ရမည်းသင်းမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် မြင်းမူမြို့တွင် ၂ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းကြီး (၄)ရပ်အား နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်နှင့်အညီ တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှု ကောင်းစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဩဂုတ် ၁၇ ရက်တွင် ပုသိမ်ကြီးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ခရိုင်အဆင့်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများအား တွေ့ဆုံဆွေးနွေးခဲ့သည်။

ဩဂုတ် ၁၈ ရက်တွင် ဒုတိယဝန်ကြီးသည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်နှင့်အညီ ဦးစီးအရာရှိ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနား၌ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဦးစီးအရာရှိ ၂၉ ဦး တက်ရောက်၍ ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေကြောင်းပညာသိပ္ပံကျောင်းမှ ဘာသာရပ်များ စာတွေ့လက်တွေ့သင်ကြားပို့ချရန်စီစဉ်

ရန်ကုန် ဩဂုတ် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံကျောင်းမှ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးမှုဌာနဆိုင်ရာ ဝန်ထမ်းများအားလေယာဉ်မောင်းသင်တန်းဘာသာရပ်များအတွက် စာတွေ့လက်တွေ့အပိုင်းပါ သင်ကြားပို့ချရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ လေကြောင်းပညာသိပ္ပံကျောင်းအရှေ့ဘက် အခြမ်း၌ လေယာဉ်ရုံကြီးနှင့်လေယာဉ်သိုလှောင်ထားရာ **(အောက်ပုံ)**နေရာမှာ ပြီးစီးသည့် အနေအထားအတိုင်း တွေ့ရှိရပြီး အခြားဘာသာရပ်များသင်ကြားပို့ချရန် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီဌာန လေကြောင်းပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးဦးသန်းမင်းက "ယခုဆိုလေယာဉ်မှူးများအတွက် သင်တန်းများသာရှိနေတာပါ၊ မက္ကင်းနစ်နဲ့အင်ဂျင်နီယာများအတွက်သော်လည်းကောင်း၊ လေယာဉ်အမှုထမ်းများအတွက်သော်လည်းကောင်း ပို့ချပေးတဲ့ သင်တန်းတွေမရှိသေးလို့ မြန်မာ့လေကြောင်းလိုင်းက ဖော်ကာ 28 လေယာဉ်ဖြင့် စာတွေ့ရောလက်တွေ့ပါ သင်ကြားပို့ချပေးဖို့ ရည်ရွယ်ပြီး စီစဉ်ဆောင်ရွက်နေတာပါ၊ အရှေ့မှာတွေ့နေရတဲ့ ဒီလေယာဉ်ရုံအတွင်းမှာလည်း လေယာဉ်နဲ့စာသင်ခန်းများ ဆောက်လုပ်ထားပါတယ်၊ လက်တွေ့သင်ကြားပေးနိုင်ဖို့အတွက်ပါ စီမံပေးလိုက်တာပါ"ဟု လေယာဉ်မောင်း သင်တန်းဘာသာရပ်များအတွက် စာတွေ့ရောလက်တွေ့အပိုင်းပါသင်ကြားပို့ချရန် စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

လေကြောင်းပညာသိပ္ပံကျောင်းမှာ ၁၉၈၁ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့မြို့ပြလေကြောင်းအဖွဲ့အစည်းတို့မှ ပူးပေါင်းပြီး Bur 81 Project ဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ သင်ကြားပို့ချရေးအတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုနောက်ပိုင်း ဌာနအတွင်း သင်ကြားရေးထက် ပိုမိုထိရောက်စေရန် ရည်ရွယ်ပြီး MYA 86 Project၊ ယခင်အဖွဲ့အစည်းများ၊ မြန်မာအစိုးရတို့မှ ပူးပေါင်းပြီး လေကြောင်းပညာသိပ္ပံကျောင်းတည်ထောင်နိုင်ရေးအတွက် လေကြောင်းပညာသင်ကြားရေးဗဟိုသင်တန်းကျောင်း(Civil Aviation Training Center)ကို ဖွဲ့စည်းတည်ထောင်ခဲ့ကာ ၁၉၉၀ ခုနှစ်မှစတင်ပြီး သင်တန်းများစတင်သင်ကြားဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုးဝင်း(MLA)

တာဝါတိုင်တည်ဆောက်

န္တားထိုးကြီး ဩဂုတ် ၂၀

န္တားထိုးကြီးမြို့နယ်တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးအတွက် မြန်မာ့ဆက်သွယ်ရေး၊တယ်လီနော(မြန်မာ)နှင့် အော်ရီဒူးကုမ္ပဏီများက တာဝါတိုင်များအပြိုင်စိုက်ထူနေကြသည်။ **(အပေါ်ပုံ)**

မြန်မာ့ဆက်သွယ်ရေးက လေးတိုင်၊ တယ်လီနောက လေးတိုင်၊အော်ရီဒူးသုံးတိုင်၊ ဦးပိုင်က နှစ်တိုင် စုစုပေါင်း ၁၃ တိုင်စိုက်ထူနေကြပြီး ပထမအကြိမ် စိုက်ထူခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ကျေးဇူးဥပကာရအထူးတင်ရှိခြင်း

၁၇-၈-၂၀၁၄ ရက်နေ့တွင် Inya Lake Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော

Advance Unity Development Co.,Ltd မှ တာဝန်ယူတည်ဆောက်မည့်

မောရဝတီကွန်ဒိုမီနီယံ

မိတ်ဆက်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်အားပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော် အားကစား ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာအကြံပေး အငြိမ်းစား သံအမတ်ကြီး ဦးစိန်ဝင်းအောင်၊ ... Talents & Models မှ ... Organizer ... Co -Sponsor များအဖြစ် ပါဝင်အားဖြည့်ပေးခဲ့ကြသော Hotel LUX @ ngwe saung ... Mawrawady Condo ... Inya Lake Hotel မှ Mangerနှင့် ဝန်ထမ်းများအားလုံးတို့ကို Advance Unity Development Co.,Ltd. မိသားစုမှ ... မှတ်တမ်းတင်အပ်ပါသည်။

ခရီးသည်တင်မှန်လုံယာဉ် တိမ်းမှောက်

နေပြည်တော် ဩဂုတ် ၂၀

ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၂၁/၁)နှင့် (၂၂၁/၂)အကြားတွင် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက JJ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။**(အပေါ်ပုံ)**

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူးဒုရဲမှူး ဇေယျာလင်းပါ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ (အမြန်လမ်း)မှ လ/ထ ဦးစီးမှူး ချမ်းငြိမ်းသူပါ ငါးဦးတို့က အခင်းဖြစ်နေရာသို့ ရောက်ရှိစစ်ဆေးရာ နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း တင်လင်းအောင်(၃၅)နှစ် စိတ္တသုခလမ်း ဝန်ဇင်းရပ်ကွက် မိတ္ထီလာမြို့နေသူမောင်းနှင်သော JJ ခရီးသည်တင်မှန်လုံယာဉ်မှာ မိုးရွာသွန်းမှုကြောင့် စလစ်ဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘာရီယာတုံးများအား တိုက်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်သွားခြင်းဖြစ်သည်။

အခင်းဖြစ်နေရာသို့ အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ကွပ်ကဲကြပ်မတ်ကာ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်များဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး အမြန်လမ်းမပေါ်၌ တိမ်းမှောက်နေသာ JJ ခရီးသည်တင်မှန်လုံယာဉ်အား ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး မီးသတ်တပ်ဖွဲ့မှ ဝန်ချီစက်ပါသောယာဉ်ဖြင့် ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ထားရှိပြီး ဆောက်လုပ်ရေး(အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့)မှ ဘက်ဖိုးယာဉ်ဖြင့် ယာဉ်ကြောရှင်းလင်းရေး ဆောင်ရွက်ပေးခဲ့သည်။ အခင်းဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး JJ ခရီးသည်တင်မှန်လုံယာဉ်၏ နောက်ဘီးလေးဘီးစလုံးမှာ တာယာပန်းများမရှိဘဲ ပါးနေခြင်းနှင့် လမ်းအကွေ့တွင် စလစ်ဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

■

ယာဉ်မဆင်မခြင်မောင်းနှင်၍ ကား၊ ဆိုင်ကယ်များဆင့်ကဲတိုက်ပြီး ထွက်ပြေး လေးဦးသေဆုံး၊ ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းဖမ်းဆီး

မန္တလေး ဩဂုတ် ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၂)လမ်း၊ (၆၂)နှင့် (၆၃)လမ်းကြား၌ ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီခွဲခန့်က ကျော်ဇင်မင်း(၂၄)နှစ် မြို့သစ်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူ မောင်းနှင်သည့် 7B/--- စူပါမန္တလာရှိုင်ရယ် ဝက်ဂွန်းအဖြူရောင်ယာဉ်သည် ၎င်းရှေ့ရှိ ဦးဇော်ထွန်း(သေဆုံး)(၄၀)နှစ် ကုမ္ဗဏီဝန်ထမ်းမန်းသီရိဈေးအနီး အောင်မြေသာစံမြို့နယ်နေသူမောင်းနှင်သော ၃၃ယ/--- ဆန်ဘို ၁၁၀ ဆိုင်ကယ်နှင့်ဦးသန်းမြင့်ဦး(သေဆုံး)(၅၆)နှစ် မေခဟိုတယ်မန်နေဂျာ ဒေါနဘွားရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူ စီးနင်းလာသည့် ၄ယ/--- စူပါကပ်အစိမ်းရောင်ဆိုင်ကယ်တို့အား တိုက်မိခဲ့ပြီး (၆၂)လမ်းနှင့် (၃၂)လမ်းထောင့်ရှိ ဓာတ်တိုင်အားထပ်မံတိုက်မိ၍ ဆက်လက်မောင်းနှင် ထွက်ပြေးရာ (၆၂)လမ်း၊ (၃၉)လမ်းနှင့် လမ်း(၄၀)ကြားတွင် ဦးထက်ထက်နိုင်(သေဆုံး)(၃၀)နှစ် သံလျက်မော်အရှေ့ မဟာအောင်မြေမြို့နယ်နေသူစီးနင်းပြီး ဦးသက်ဆွေထက်(၃၂)နှစ် သံလျက်မော်အရှေ့ မဟာအောင်မြေမြို့နယ် (ခြေသလုံးစုတ်ပြဲ၊ ဝဲလက်ကောက်ကျိုးဒဏ်ရာရသူ) နောက်ထိုင်လိုက်ပါလာသည့် ၁၂ယ/--- ရုပ်ဆိုးဆိုင်ကယ်အားတိုက်ပြီး ဦးဖိုး(သေဆုံး)(၅၃)နှစ် လိပ်စာစုံစမ်းဆဲ မောင်းနှင်သည့် ၁၉ယ/--- ရုပ်ဆိုးဆိုင်ကယ်နှင့် မအိမွန်ငြိမ်း(၂၁)နှစ် မန္တလာကောလိပ်ချမ်းမြသာစည်မြို့နယ်နေသူ (ယာဒူးပွန်းပဲ့၊ ဝမ်းဗိုက်နာ)မောင်းနှင်ပြီး မသင်းသင်းအေး(၃၄)နှစ် (ဝဲနားသွေးထွက်၊ ချိုစောင်းဖူးရောင်ဒဏ်ရာရ)ချမ်းမြသာစည်မြို့နယ်နေသူ နောက်ထိုင်လိုက်ပါလာသည့် စီဇက်အိုင်ဆိုင်ကယ်တို့အား ဝင်ရောက်တိုက်မိပြီး ရပ်တန့်ထားသော 7G---အေဒီဗင်အဖြူရောင်ယာဉ်အား ထပ်မံဝင်ရောက်တိုက်မိသဖြင့် မောင်းနှင်ထွက်ပြေးစဉ် (၆၂)လမ်းနှင့် သိပ္ပံလမ်းဆုံတွင် ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးခဲ့ကြသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ဇင်မင်းအား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ယာဉ်တိမ်းမှောက်၍ ဒဏ်ရာရရှိသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဩဂုတ် ၂၀

ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က နေပြည်တော်မှမန္တလေးသို့ ထွက်ခွာသွားသော JJExpress အမြန်ယာဉ်အမှတ် 1G သည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၂၁/၁)နှင့် (၂၂၁/၂)အကြား ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ခရီးသည် နိုင်ငံခြားသား ကျား နှစ်ဦး၊ မ တစ်ဦး အပါအဝင် ကျား ၁၂ ဦး၊ မ ငါးဦး စုစုပေါင်း ၁၇ ဦး ဒဏ်ရများရရှိခဲ့သဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး အရေးပေါ်လူနာတင်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခဲ့ရာ ညနေ ၃ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ရောက်ရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်နှင့်အဖွဲ့သည် ခုတင်(၁၀၀၀)ဆေးရုံသို့သွားရောက်၍ လူနာတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း (၂၀၁၄-၂၀၁၇) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း(၂၀၁၄-၂၀၁၇)လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် သင်္ဂဟ ဟိုတယ် Grand Ball Room တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Jeremy Douglas တို့က အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်းနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Jeremy Douglas တို့က မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း(၂၀၁၄-၂၀၁၇)ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့သည် မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းတွင် ပါရှိသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မှောင်ခိုကူးသန်းရောင်းဝယ်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့မည့် လူမှုဘဝမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည့် စီမံကိန်းခွဲငါးခုတို့ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ အစိုးရဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်သတင်းမီဒီယာအဖွဲ့များ ၇၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

■

ဘရတ်ဒ်ပစ်နှင့်ဂျိုလီတို့၏ အချစ်ဒရာမာဇာတ်ကားသစ် မာတာ၌ စတင်ရိုက်ကူးလျက်ရှိ

ဟောလိဝုဒ် ငွေကြယ်ပွင့်စုံတွဲ ဘရတ်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့၏ဇာတ်ကားသစ်ဖြစ်သည့် By the Sea အမည်ရှိ အချစ်ဒရာမာဇာတ်ကားကို မာတာရှိ ဒုတိယအကြီးဆုံးကျွန်းတစ်ခုဖြစ်သော Mgarr ix-Xini ကမ်းခြေ၌ ဩဂုတ် ၁၇ ရက်က စတင်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ မူပိုင်ခွင့်ကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီမှ ရရှိထားပြီး ယင်းဇာတ်ကား၏ ဇာတ်လမ်းဇာတ်ကွက် အကြောင်းအရာအသေးစိတ်ကို ယခုအချိန်ထိတိုင် လျှို့ဝှက်ထားဆဲဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဖြန့်ချိပြသသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မင်းသား ဘရတ်ဒ်ပစ်အနေဖြင့် ၂၀၀၄ ခုနှစ်က Troy ဇာတ်ကား၊ ၂၀၁၃ ခုနှစ်က World War Z ဇာတ်ကားတို့ကို မာတာ၌ သွားရောက်ရိုက်ကူးခဲ့ဖူးပြီး လာမည့်အောက်တိုဘာ ၁၇ ရက်တွင် Fury ဇာတ်ကားသစ်တွင် ထပ်မံမြင်တွေ့ရမည်ဖြစ်သည်။ ထို့ပြင် အိန်ဂျလီနာဂျိုလီအား Kung Fu Panda 3 သရီးဒီ အမေရိကန်-တရုတ် အက်ရှင်ဟာသဇာတ်မြူးကားနှင့် Salt 2 စပိုင်ဇာတ်ကားသစ်များတွင် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေး ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဩဂုတ် ၂၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်သည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် တောင်ငူမြို့ နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တတိယအဆင့် (Third Wave) အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေသော ကာလဖြစ်သည့်အတွက် မိမိတို့ ဝန်ကြီးဌာန အနေဖြင့် Vision-Mission များကို ဦးစီးဌာနကိုးခုဖြင့် အကောင်အထည် ဖော်နေပါကြောင်း၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံပြီး တာဝန်ကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုအပ်ပါကြောင်းနှင့် မိမိ၏ အရည်အချင်းတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ ကြိုးပမ်းအကောင်အထည်ဖော်မှုများ လက်ရှိအခြေအနေများကို ပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ် (တောင်ငူ) တည်ဆောက်ရေးလုပ်ငန်းများ၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားရှိမှုများ၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)တို့ရှိ လက်တွေ့ခန်းများ၊ စာသင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စတားလုန်းနှင့်နှစ်ဦးတည်း တွဲဖက်သရုပ်ဆောင်လိုသူ ဂျက်ကီချန်း

မျိုးစန္ဒာမောင် စုစည်းသည်

ဟောင်ကောင်အက်ရှင်ကြယ်ပွင့် ဂျက်ကီချန်းက Expendables ဇာတ်လမ်းတွဲများတွင် နာမည်ကျော် ဟောလိဝုဒ်မင်းသားကြီး စတားလုန်းနှင့် တွဲဖက်သရုပ်ဆောင်ရန်အခွင့်အရေးများရရှိခဲ့သော်လည်း ငြင်းဆန်ခဲ့ပြီး နှစ်ဦးတည်းသီးသန့်အနုပညာလုပ်ငန်းများ လုပ်ကိုင်လိုပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"Expendables ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ စတားလုန်းအနေနဲ့ နှစ်ခါသုံးခါလောက် ကမ်းလှမ်းခဲ့ပေမယ့် ကျွန်တော် ငြင်းဆန်ခဲ့တာပါ"ဟု တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် သရုပ်ဆောင်ဂျက်ကီချန်းက ဖြေကြားခဲ့သည်။

ဂျက်ကီချန်းအနေဖြင့် အဆိုပါကမ်းလှမ်းမှုကို တိုက်ရိုက်ငြင်းဆန်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ဇာတ်ကားတစ်ကားထဲတွင် သရုပ်ဆောင်အများအပြားနှင့် သရုပ်ဆောင်မည့်အစား စတားလုန်းနှင့်သာ နှစ်ယောက်တည်းဇာတ်ကားတစ်ကားဖန်တီးလိုသည့် ဆန္ဒရှိကြောင်း ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

■

Four Rivers Kokkine Residences Co.,Ltd
Certificate of Incorporation (Temporary):119FC/2014-2015
(UNDER MEMBERS' VOLUNTARY WINDING UP)

NOTICE TO CREDITORS TO CLAIM OUTSTANDINGS/ DUES

Take notice that the creditors of the company are requested to send the outstanding claims/dues with name, address and the particulars of outstanding claims/dues to the company by at address stated below. The person or their attorney(if any)to present and prove that the aforesaid outstanding claims to the company 25th August 2014.Otherwise the claim will be excluded from the settlement of such outstanding claims/dues.

BY ORDER OF THE BOARD
Four Rivers Kokkine Residences Co.,Ltd.
No.26(B./2)Inya Road, Kamayut Township, Yangon 11041, Myanmar TEL+95 1 1221667 FAX+95 1 503737

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ ၃၆-လမ်း၊ အမှတ်(၄၉/၅၁)တည်ရှိရာ မြေတိုင်းရပ်ကွက်(14E[1])၊ မြေကွက်အမှတ် V Class 61 & An Extra Strip at the North နှင့် V Class 62 မြေနှစ်ကွက်အတိုင်းအတာ(၂၅' × ၅၀')+(၁' × ၅၀') နှင့် (၂၅' × ၅၀')၊ မြေပိုင်မြေအမျိုးအစား၊ အမည်ပေါက် Maung Hla Phaw မြေကွက်(၂)ကွက်အား မြေအမည်ပေါက် စာချုပ်အမှတ်(၄၆၅/၅၈)၊ အမွေခံနိုင်ငံခြားသားများ၏ စွန့်လွှတ်ချက်အတိုင်း သေဆုံးသူနိုင်ငံသား ဦးလှဖော်၏ ဆန္ဒနှင့်အညီ သေဆုံးသူ၏ပစ္စည်းများကို ဦးလှထွန်း မေတ္တာမွန်ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းရန်သဘောတူခွင့်ပြုကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၄-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကိုတင်ပြ၍ ဒေါ်နုနုစံအောင်[၁၂/မရက(နိုင်)၁၂၁၄၂၉]မှ လှူဒါန်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ချက်တည်းကျင်းဝင်

ရဲမှူးကြီးကျော်စိုး(GS 295)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ၁၆-၈-၂၀၁၄ ရက် ၉ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးစိုင်းမောင်မြင့်၊ ဦးမြင့်မောင်၊ Mr He တို့အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂) ၌(၁၂၂)ကိုက်အကွာမှ Titleist No-1 ဘောလုံးကို Marumen Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါ သည်။

မြကန်သာဂေါက်ကွင်း

သွေးသည်အသက်

လှူပ်ရှားမှုနှင့်ရေသောက်နည်းပြီးချုပ်စာ၊ တက်စာ၊ အပုပ်စာများ အစားများခဲ့၍ ဝမ်းချုပ်ခဲ့လျှင် ဝမ်းမှန်စေရန် အထောက်အကူပြုဆေး မှီဝဲသင့်ပါသည်။

စုစုအေးအောင်
ဝမ်းမှန်အကြောပြေဆေး

ပျောက်ဆုံးကြောင်း

Triple "A" Cement Int'l Co.,Ltd.မှ သွင်းကုန်လိုင်စင်အမှတ် -IL-7/14-15/4639 (21-7-2014)နှင့် သွင်းကုန်ကြေငြာလွှာအမှတ်- ၁၂၂၇၈၄(၁၆-၆-၂၀၁၄)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါ အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၁-၂၃၀၆၂၃၈၊ ၀၁-၂၃၀၆၂၃၉

မောင်းမကန်

အိမ်၊ ခြံ၊ မြေ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတို့ရှိ မြေကွက်များ ဝယ်လိုသည်။

Ph:09-43025530, 09-423726945, 09-450011554

ဖယ်လ်ကာအိုအား ခေါ်ယူရန် လီဗာပူးစောင့်ကြည့်နေ

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် မိုနာကိုအသင်း၏ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုအား ပစ်မှတ်ထားနေကြောင်း သိရသည်။

လီဗာပူးအသင်းမှာ ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမား ရှစ်ဦးအတွက် ပေါင်သန်း ၉၀ ကျော်သုံးစွဲကာ ခေါ်ယူထားခဲ့သော်လည်း တိုက်စစ်ပိုင်းတွင် ဆောက်သမ်တန်တိုက်စစ်မှူး ရစ်ကီလမ်းဘတ် တစ်ဦးတည်းကိုသာ ခေါ်ယူထားနိုင်ခြင်းကြောင့် ယခုကဲ့သို့ ဖယ်လ်ကာအိုအား စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖယ်လ်ကာအိုမှာ အပြောင်းအရွှေ့ ကာလအစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့သော်လည်း ရီးယဲလ်အသင်းမှာ ကစားသမားသစ်များ ထပ်မံခေါ်ယူတော့မည်မဟုတ်ဟု တရားဝင်ထုတ်ဖော်ကြေညာခဲ့သောကြောင့် လီဗာပူးအသင်းက ၎င်းအား စောင့်ကြည့်လာခဲ့ခြင်းဖြစ်သည်။

ဖယ်လ်ကာအိုမှာလည်း ပရီမီယာလိဂ်တွင် ကစားရန် ဆန္ဒရှိနေပြီး အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ ကာလအတွင်း ၎င်းအား လီဗာပူးအသင်းမှ ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာ *Daily Mail* က ဖော်ပြခဲ့သည်။ သို့သော် မိုနာကိုအသင်းမှာ ဖယ်လ်ကာအိုအား အပြီးတိုင်လက်လွှတ်ရန် ဆန္ဒမရှိဘဲ တစ်ရာသီအငှားစာချုပ်ဖြင့်သာ ကမ်းလှမ်းလာခဲ့ပါက ၎င်း၏အပြောင်းအရွှေ့အပေါ် လက်ခံစဉ်းစားဖွယ်ရှိကြောင်းသိရသည်။

[ကိုရဲ]

အာဂျင်တီးနားနောက်ခံလူ မားကို့စ်ရိုဂျိုအား ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းမှ အာဂျင်တီးနားနောက်တန်းကစားသမား မားကို့စ်ရိုဂျိုအား စာချုပ်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ကျန်းမာရေး ဆေးစစ်မှုလုပ်ဆောင်ပြီးပါက ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းပေးကာ စာချုပ်မည်ဖြစ်ကြောင်းလည်းသိရသည်။

စပို့တင်းလစ္စဘွန်းအသင်းသည်လည်း နောက်ခံလူ မားကို့စ်ရိုဂျိုအား မန်ယူအသင်းသို့ ရောင်းချခဲ့ပြီးနောက် အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားနာနီအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

ဘယ်နောက်ခံကစားသမား မာကို့စ်ရိုဂျိုသည် ဘရာဇီးမြေ၌ ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် နောက်ဆုံးဗိုလ်လုပွဲအပါအဝင် ခြောက်ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ စပို့တင်းလစ္စဘွန်းအသင်းသည် နောက်ခံလူရိုဂျိုအား ရောင်းချမှုနှင့်ပတ်သက်၍ ပထမဦးစွာ ပေါင်ရှစ်သန်းရရှိမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပေါင်လေးသန်းနှင့် ၂၀၁၅ ဇူလိုင် ၁ ရက်တွင် ပေါင်လေးသန်းစသည်ဖြင့် အရစ်ကျစနစ်ဖြင့် ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

မားကို့စ်ရိုဂျိုသည် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် စပါးတပ်မော်စကိုအသင်းမှ စပို့တင်းလစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်သီတင်းပတ်က ကစားခဲ့သည့် ပေါ်တူဂီလိဂ်၏ ပထမဆုံးပွဲစဉ်တွင်မူ စပို့တင်းလစ္စဘွန်းအသင်းနှင့် ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။မန်ယူအသင်းသည် မာကို့စ်ရိုဂျိုအား ခေါ်ယူရန်သဘောတူညီမှု ရရှိထားသော်လည်း ဗီဒစ်နှင့် ဖာဒီနန်တို့ အသင်းမှ ထွက်ခွာသွားခြင်းကြောင့် ဗဟိုနောက်ခံကစားသမားတစ်ဦးထပ်မံ ရှာဖွေလျက်ရှိကြောင်းလည်း သိရသည်။

[ငွေကြယ်]

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်းကျရောက်

လာမည့်စက်တင်ဘာ ၅ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုများကို ပြီးခဲ့သည့် ဩဂုတ် ၁၇ရက်က ကျင်းပခဲ့ရာ မြန်မာယူ-၁၉အသင်းမှာ ထိုင်း၊ အင်ဒိုနီးရှား ယူ-၁၉ အသင်းများဖြင့် တစ်အုပ်စုတည်းကျရောက်နေကြောင်းသိရသည်။

ယင်းပြိုင်ပွဲတွင် စုစုပေါင်းအသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသမှ အသင်းများအပြင် ဂျပန်ယူ-၁၉ အသင်းပါ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အုပ်စုမဲခွဲထားမှုများအရ အုပ်စု (က)တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားတို့ပါဝင်ပြီး အုပ်စု (ခ)တွင် အိမ်ရှင်ဗီယက်နမ်၊ ဂျပန်နှင့် ဩစတြေးလျအသင်းတို့မှာ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းမှာအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၇ ရက်တွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၉ အသင်းမှာ ယခုနှစ်အတွင်း အုပ်စုတွင်းပြိုင်ဘက်နှစ်သင်းစလုံးကို ရင်ဆိုင်ခဲ့ဖူးပြီး ပြီးခဲ့သည့် ဇွန်လက ခြေစမ်းပွဲအဖြစ် ဂျာကာတာမြို့တွင် အင်ဒိုနီးရှား ယူ-၁၉ အသင်းကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားထားနိုင်ခဲ့သလို ထိုင်းယူ-၁၉ အသင်းကိုလည်း ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် အနိုင်ယူကစားခဲ့သည်။

[ရဲစွမ်း]

နောက်ထပ်မည်သည့်ကစားသမားကိုမျှ ကိုက်တော့မည်မဟုတ်ကြောင်း ဆွာရတ်ဇ်ကတိပြု

ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် ၎င်း၏အပြုအမူနှင့်ပတ်သက်၍ အထူးအလေးထားပြောကြားခဲ့ရာတွင် နောက်ထပ်မည်သည့်ကစားသမားကိုမျှ ကိုက်တော့မည်မဟုတ်ကြောင်း ကတိကဝတ်ပြုလိုက်ပြီဖြစ်သည်။ ဆွာရတ်ဇ်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အီတလီကစားသမား ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် ဘောလုံးကစားခွင့် လေးလပိတ်ပင်ခံခဲ့ရပြီး ၎င်း၏ ကစားသမားဘဝတစ်လျှောက်တွင် သုံးကြိမ်တိုင်တိုင် ပြိုင်ဘက်ကစားသမားကို ကိုက်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူးဆွာရတ်ဇ်သည် ၂၀၁၀ ခုနှစ်က အိုင်းယက်စ်အသင်းတွင် ကစားစဉ် ပီအက်စ်ဗွီအိုင်ဟိုဗင်ကစားသမား ဘက်ကယ်၏ ပခုံးကို ကိုက်ခဲ့ခြင်းကြောင့် ခုနစ်ပွဲ ပွဲပယ်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အီဗရာအား လူမျိုးရေးခွဲခြားမှုကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးပေါင် ၄၀၀၀၀ ဒဏ်တပ်ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ချယ်လ်ဆီးနောက်ခံလူ အိုင်ဗန်နီဗစ်ကို ကိုက်ခဲ့ခြင်းကြောင့် ၁၀ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး၂၀၁၄ ကမ္ဘာ့ဖလားတွင် ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် နိုင်ငံတကာပွဲစဉ် ကိုးပွဲအပါအဝင် ဘောလုံးကစားခွင့်လေးလပိတ်ပင်ခံခဲ့ရသူဖြစ်သည်။

[နိုင်လင်းကြည်]

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စက္ကူ၊ မင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူ၊ မင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားသုံးငွေ/ပြည်တွင်း (ကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

1.Woodfree Paper (28¼ "x 40")
2.Art Card (210 gsm)31"x43" (500 Sht/Pkt)
3.Ink (Green, Yellow, Magenta, Cyan)
4.Negative Plate (၃)မျိုး
5.Positive Plate (၁)မျိုး
6.ATM ကော် (ပြည်တွင်းကျပ်ငွေ)

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ရက်နေ့အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၈-၂၀၁၄ရက်နေ့ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံထုတ်ယူရန်နေရာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

အောင်ဆန်း(၁၂)၊ ဗဝတ(ဖောင်ကြီး)သင်တန်းဆင်းများခင်ဗျား

နှစ်(၃၀)ပြည့် မိတ်ဆုံစားပွဲကို ၂၃-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ ဆောင်ရွက်ပါမည်။ M3 Food Center (ဗဟန်းအားကစားကွင်းနှင့်ရွှေတိဂုံဘုရားအနီး)သို့ ညီအစ်ကို၊ မောင်နှမများ ကြွရောက်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

စောမြင့်အောင်-၀၉-၈၆၀၁၃၁၉၁၊ သောင်းဟန်-၀၉-၄၂၈၁၁၅၃၇၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ အခန်း/သိုလှောင်ရုံ/မြေကွက်လွတ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) ငှားရမ်းမည့်အခန်း/သိုလှောင်ရုံ/မြေကွက်လွတ်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အခန်း(၃)ခန်း၊ မြေကွက်လွတ်(၂)ခု၊ သိုလှောင်ရုံနှင့် ရေဆင်းတံတား(၁)ခု၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အခန်း(၁)ခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ရှိ သိုလှောင်ရုံ(၄)လုံး။

(ခ) တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်	- ၂၂-၈-၂၀၁၄ရက် မှ ၃-၉-၂၀၁၄ရက်
	- ရုံးချိန်အတွင်းသာ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ	- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ နေပြည်တော်။
(ဃ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ	- ၄-၉-၂၀၁၄ ရက်၊ ၁၃း၀၀နာရီ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊နေပြည်တော်။

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့်အခန်း/သိုလှောင်ရုံ/မြေကွက်လွတ် (၈)ခု၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) အရာရှိစားပွဲ	(၁၀) လုံး
(ခ) လက်တင်ပါကုလားထိုင်	(၁၀) လုံး
(ဂ) စာရေးစားပွဲ	(၁၅) လုံး
(ဃ) လက်တင်မဲ့ကုလားထိုင်	(၁၅) လုံး
(င) သံဗီရို	(၂၀) လုံး
(စ) စာတွဲစင်ကြီး	(၂၀) လုံး
တင်ဒါပုံစံရောင်းချမည့်ရက်	- ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်
တင်ဒါပိတ်မည့်ရက်	- ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၆း၃၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၊ ရုံးအမှတ်(၂၂)၊ ဖုန်း-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉တို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

(၁၇၇) ဘဏ်မြောက် နေပြည်တော်ဘဏ်ခွဲ (၄) ကို

၁၁.၈.၂၀၁၄ (တနင်္လာနေ့) တွင် လည်းကောင်း

(၁၇၈) ဘဏ်မြောက် မြောင်းမြဘဏ်ခွဲ နှင့်

(၁၇၉) ဘဏ်မြောက် ရေနံချောင်းဘဏ်ခွဲ ကို

၁၉.၈.၂၀၁၄ (အင်္ဂါနေ့) တွင် လည်းကောင်း

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

နေပြည်တော်ဘဏ်ခွဲ(၄)

အမှတ်(ယ/၉၇-၁၀၁)၊ ဝိတောတလမ်း၊
သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း - (၀၆၇) ၈၁၀၈၁၈၉/၉၀
ဖက်စ် - (၀၆၇) ၈၁၀၈၁၉၅/၉၆
www.kbzbank.com

မြောင်းမြဘဏ်ခွဲ

အမှတ်(၁၄)၊ (၅)လမ်းနှင့်ဦးဘချိုလမ်းထောင့်၊
(၂)ရပ်ကွက်၊ မြောင်းမြမြို့၊
ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း - (၀၄၂) ၇၀၅၅၅၈/၅၉
ဖက်စ် - (၀၄၂) ၇၁၀၀၁၊ ၇၁၀၂၀
www.kbzbank.com

ရေနံချောင်းဘဏ်ခွဲ

အမှတ်(၁၂၆)၊ နိုင်ငံချစ်လမ်း၊
မြို့မတောင်ရပ်ကွက်၊ ရေနံချောင်းမြို့၊
မကွေးတိုင်းဒေသကြီး။
ဖုန်း - (၀၆၀) ၂၁၇၇၈/၄၀
ဖက်စ် - (၀၆၀) ၂၁၇၆၄/၆၅
www.kbzbank.com

ဇေယျာပဒေသာဖောင်ဒေးရှင်းမှ မီးဘေးသင့်စျေးသူ စျေးသားများအား ချေးငွေကျပ် သိန်း ၃၂၄၀ ပေးအပ်

ကသာ၊ ဩဂုတ် ၂၀

ကသာခရိုင်၊ ကသာမြို့တွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ကသာမြို့ မီးဘေးသင့် မြို့မစျေးသူစျေးသားများအား ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက ကြိုက်ခန်းမတွင် ကျင်းပခဲ့သည်။

ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချေးငွေအား စျေးသူစျေးသားများ အနေဖြင့် ယခုလက်ရှိအခြေအနေထက် ရရှိထားသည့်ချေးငွေကို အသုံးပြု၍ပိုပြီးအဆင်ပြေအောင်ကြိုးစားရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းဖွံ့ဖြိုးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အခွန်ဦးစီးမှူး ဦးသန့်ဇင်က စျေးသူစျေးသားများအားချေးငွေပေးအပ်ရခြင်း အကြောင်းနှင့်ကသာမြို့၊ မြို့မစျေးကော်မတီ ဥက္ကဋ္ဌဦးငြိမ်းဆောင်က စျေးကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့မစျေးပြန်လည်ထူထောင်ရေး ငွေစုငွေချေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်အောင်ကတတိယအကြိမ်မြောက်(အထူး) ချေးငွေကျပ်သိန်း ၃၂၄၀ အားငွေချေးယူသူ စျေးသူစျေးသားများအား ပေးအပ်ခဲ့ကြောင်းသိရသည်။ **ရဲကို(မြန်/ဆက်)**

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ သွေးလှူဘဏ်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

ပခုက္ကူ၊ ဩဂုတ် ၂၀

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ သွေးလှူဘဏ်ဖွင့်လှစ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင် တက်ရောက်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်က သွေးလှူဘဏ်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ပုညမုဒိတာသွေးလှူဒါန်းရေးအသင်း၊ သုဂတိစေတနာ သွေးလှူဒါန်းရေးအသင်း၊ မေတ္တာရှင်အသင်း၊ စေတနာသွေးလှူဒါန်းရေးအသင်း၊ တော်ဝင်အသင်း၊ အနန္တဂုဏ်ရည် သွေးလှူရှင်အသင်း၊ အမှတ်(၄) ရပ်ကွက် လူမှုကူညီရေးအသင်းတို့မှ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး၊ ပခုက္ကူမြို့ဆေးရုံကြီးတွင် သွေးလှူဘဏ်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကာ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အောင်(မန်းတက္ကသိုလ်)

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်တွင် ရွှေတောင် (၈) နှင့် ငွေချည် (၆) ချည်မျှင်ရှည်ဝါမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းငါးကေပြပွဲကျင်းပ

ပုလဲ၊ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ထန်းတောတိုက်ကျေးရွာ၊ တောင်သူဦးမောင်မောင်၏ လယ်ယာမြေငါးဧကပေါ်တွင် ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့ထုတ် စိုက်ကွင်းပြပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေတောင်(၈)နှင့်ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့ထုတ် စိုက်ကွင်းပြပွဲတွင် ပုလဲမြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်က "ရွှေတောင်(၈)နဲ့ ငွေချည်(၆)ချည်မျှင်ရှည်ဝါများကို သီးလုံးပေါက်ပိုးဒဏ်ခံနိုင်တဲ့ ဗီဇအရည်အသွေး မကျဆင်းစေရန်နဲ့ ရာသီမရွေး စိုက်ပျိုးနိုင်တဲ့ ချည်မျှင်ရှည်ဝါကို သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၀ ချက်နဲ့အညီ လိုက်နာဆောင်ရွက်ရင် တစ်ဧကအထွက်နှုန်း ပိဿာချိန် ၁၀၀၀ နဲ့အထက် ထွက်ရှိနိုင်ရေးအတွက် ရည်ရွယ်ချက်များနဲ့ အခုလို စိုက်ကွင်းပြပွဲကို တောင်သူတွေကိုဖိတ်ခေါ်ပြီး လက်တွေ့သရုပ်ပြ ရှင်းပြပေးခြင်းဖြစ်တယ်။ အဓိကအားဖြင့် သီးနှံအထွက်နှုန်းတိုးတက်လာခြင်းမှာ တောင်သူတွေ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် အမာခံစျေးကွက်ရှိတဲ့ ဝါမျိုးသန့်မျိုးစေ့ စိုက်ပျိုးလာနိုင်စေရေးအတွက် ဝန်ထမ်းများက တောင်သူများနဲ့ ကွင်းထဲဆင်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် တောင်သူ ဦးမောင်မောင်က "မနှစ်ကစပြီး ဝါကို တစ်ဧကစမ်းစိုက်ပျိုးခဲ့တာ ပိဿာချိန် ၈၀၀ လောက် ထွက်ခဲ့ပါတယ်။ ငွေကျပ် ရှစ်သိန်းကျော် ရရှိခဲ့တာကြောင့် မိုးခေါင်ရေရှား မိုးကောင်းသောက်ဒေသဖြစ်လို့ ဝါကို တစ်ခြားသီးနှံနဲ့စာရင် ဝါစိုက်ပျိုးရေးရုံးက ဝန်ထမ်းတွေနဲ့လက်တွဲပြီး သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၀ ချက်နဲ့အညီ ဒီနှစ်ဖေဖော်ဝါရီလမှာ ဝါငါးဧကကို စိုက်ပျိုးခဲ့တာကြောင့် အခုဆို ရိတ်သိမ်းတော့မယ်။ အောင်မြင်ဖြစ်ထွန်းနေတဲ့ ဖြူဖြူဖွေးဖွေး ဝါစိုက်ခင်းကတော့ မြင်ကွင်းမဆုံးနိုင်အောင်ပဲဗျာ။ ဒီနှစ်တော့ တစ်ဧကခန့်မှန်း ပိဿာချိန် ၁၀၀၀ နီးပါးထွက်မယ်လို့ ခန့်မှန်းပါတယ်။ အခုလို တောင်သူတွေကို စိုက်နည်းစနစ်မှန်ကန်ပြီး စျေးကွက်မာတဲ့ ဝါစိုက်ပျိုးလာနိုင်အောင် လက်တွေ့ကျကျ ကျွန်တော်တို့တောင်သူတွေနဲ့ လက်တွဲပြီး နည်းပညာပေး စိုက်ပျိုးပေးခဲ့တဲ့ ဝါစိုက်ပျိုးရေးရုံးက ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧက ၇၂၀၀ လျာထားခဲ့ရာ ဝါစိုက်ဧက ၇၄၀၆ ဧကကို သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၀ ချက်ဖြင့် ကျေးလက်နေတောင်သူဦးကြီးများနှင့် လက်တွဲပူးပေါင်း၍ လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်သိန်းစိုး(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ အမှတ်(၁၅) ရပ်ကွက်ရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးရုံးခန်းမတွင် မေထုံမဲ့သားစပ်သင်တန်းဖွင့်

ချောက်၊ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၅)ရပ်ကွက်ရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးရုံးခန်းမတွင် မေထုံမဲ့သားစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဝင်းမောင်က သင်တန်းသားများအနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး မိမိကျေးရွာတွင် ထပ်ဆင့်ပြန့်ပွားအောင် ပြုလုပ်ပေးစေလိုကြောင်း၊ သင်ကြားပို့ချသည့်သင်ခန်းစာများအား သိရှိအောင်လေ့လာပြီး လက်တွေ့ဆောင်ရွက်လိုပါက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဎင်းသင်တန်းတွင် သင်တန်းသား ၂၀ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်တန်းပို့ချခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူး ဦးခင်မော်ကျော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းငွေ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာစိုးလင်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ စုစုပေါင်းအင်အား ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မြန်မာအဏ္ဏဝါသိပ္ပံအသင်း
သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

မြန်မာအဏ္ဏဝါသိပ္ပံအသင်း သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အသင်းရုံးခန်းတည်ရှိရာ အမှတ် ၆၉/၇၀/၇၁၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်(ဆင်မလိုက်)၊ ကမာရွတ်မြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အဏ္ဏဝါသိပ္ပံ/အဏ္ဏဝါဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကျပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမရှိပါ။)

မြန်မာအဏ္ဏဝါသိပ္ပံအသင်း(**MSAM**)

အမြန်ရောင်းမည်

၁။ တ/၃ ဝေဇယန္တာလမ်းမ(အနီး) ပေ(၂၀×၆၀)မြေ သိန်း၂၃၀၀
၂။ လှိုင် မြကန်သာအိမ်ရာ ပေ(၅၀×၆၆)မြေ သိန်း၈၃၀၀
ဖုန်း-၀၉-၅၁၉၂၀၅၅၊ ၀၉-၄၂၀၀၄၄၄၆၆၊ ၀၉-၇၃၁၈၇၂၈၀

ဆိုင်ခန်းငှားမည်

ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းမကြီး၊ ၅၂လမ်းထိပ်၊ မြေညီထပ် ပေ(၂၈×၅၀)
ဖုန်း-၀၁-၃၉၇၁၃၇၊ ၀၁-၂၉၄၁၁၈၊ ၀၉-၅၀၁၀၅၁၈

ရောင်းမည်

ပေ(၆၀×၈၀) RC(၂)ထပ် FMI အရှေ့လှည့်၊ ထောင့်အိမ်၊ ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်နေ၊ ဂိတ်ဝအနီး၊ City mart နီး၊ ရေကူးကန်အနီး
ဖုန်း-၀၉-၂၅၄၁၄၂၀၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းအကွက်အမှတ် -၃ရန်မြေ၊ မြေကွက်အမှတ်-၈၃၀/က၊ မြေကွက်တည်နေရာအမှတ် -၈၃၀/က၊ ရန်ပြေ(၁၅လမ်း)၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်ဝင်း) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးကျော်ဝင်း(ဖခင်)နှင့် ဒေါ်အေးသန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သား/သမီးဖြစ်သော (၁)ဒေါ်ချယ်ရီဝင်း[၁၂/သကတ(နိုင်)၁၃၄၄၃၃]၊ (၂) ဦးသိန်းဝင်းနိုင်[၁၂/သကတ(နိုင်)၀၈၃၁၅၅] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၁၇၇/၂၀၁၄)ရသူ ဦးဆန်းထွန်း[၁၃/ကတန(နိုင်)၀၀၄၃၃၂]တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Shwe Ywet Hla Manufacturing Co.,Ltdအတွက် နိုင်ငံခြားမှတင်သွင်းလာသော ကုန်သေတ္တာအမှတ် TCLU 8351416၏ BL အမှတ် MOLU 13012498540 Original BL(၃)စောင်နှင့် စာရွက်စာတမ်းများထည့်ထားသော DHL စာအိတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါ မည်။ ဦးဇော်မင်းထွန်း
ဖုန်း-၀၉-၅၁၅၆၁၄၃၊ ၀၉-၇၃၀၁၉၉၇၅

မြေကွက်များဝယ်လိုသည်

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ အထူးစျေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၄၃၁၇၉၇၄၇

ဖတ်စရာ

ခြေထောက်ဆေးဖို့လည်း လိုပါတယ်

ခ ရဲအောင်ချိန်

ပြည်တစ်ဖက်ကမ်း "ဆင်တဲ" တွင် ကျွန်တော်၏ အစ်မရှိသဖြင့် အလည်သွားရန် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာသော ရန်ကုန်-ပြည် အမြန်ရထားကို စီးခဲ့သည်။ ရထားပေါ်တွင် မျက်နှာသုတ်ရန်၊ လက်သုတ်ရန် တစ်ရှူးဝယ်ယူခဲ့ပါသည်။ ပြည်မြို့သို့ ည ၉ နာရီခွဲလောက်တွင် ရန်ကုန်-ပြည် အမြန်ရထားကြီးဆိုက်ရောက်ခဲ့ပြီး သူငယ်ချင်းအိမ်တွင် ညအိပ်တည်းခိုကာ ပြည်ရွှေဆံတော်ဘုရားသို့ ဖူးမြော်ရန် အိပ်ရာမှ နံနက်စောစောထ၍ သွားရောက်ခဲ့သည်။ ဖိနပ်လက်ခံသည့်နေရာတွင်အပ်နှံခဲ့ပြီး ဘုရားပေါ်သို့ဓာတ်လှေကားဖြင့် တက်ခဲ့သည်။

ပြည်ရွှေဆံတော်ဘုရားသည် ပတ်ဝန်းကျင်ရှုခင်းများနှင့်အတူ အင်မတန်သပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှပါသည်။ လေနုအေးလေးများလည်း ဖြည်းညှင်းသာယာစွာ တိုက်ခတ်ပေးနေသည့်အတွက် ဘုရားဖူးတိုင်းလည်း လန်းဆန်းရွှင်မြူးလျက်ရှိကြသည်။ ကျွန်တော့နည်းတူ နိုင်ငံသားဘုရားဖူးများနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကိုလည်း တွေ့မြင်ရသဖြင့် ပြည်ရွှေဆံတော်ဘုရားသည် တန်ခိုးကြီးမားလှ၍ နိုင်ငံတကာမှသိရှိနေကြပြီး ဖြစ်သည့်အတွက် နိုင်ငံသားတစ်ယောက် အနေဖြင့် ဂုဏ်ယူဝင့်ကြွားမိပါသည်။ ချွေးကလေးစို့နေသော မျက်နှာကို တစ်ရှူးဖြင့်သုတ်ပြီး နိုင်ငံခြားသားများရှေ့တွင် ရင်ပြင်ပေါ်သို့လွှင့်မပစ်ရန် သတိထားပြီး အမှိုက်ပုံးသို့အရောက်သွားထည့်လိုက်ရသည်။

> တကယ်တော့ မျက်နှာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေးတို့အပြင် ခြေထောက်သန့် ရှင်းရေးသည်လည်း လိုအပ်လျက်ရှိ . . .

ပြည်ရွှေဆံတော်ဘုရားကို တစ်ပတ်လှည့်လည်ဖူးမြော်ပြီး အလှူငွေများ ထည့်ဝင်ပေးလှူကာ ဓာတ်လှေကားဖြင့် ပြန်ဆင်းရန် ဓာတ်လှေကားရှိရာသို့ လျှောက်လှမ်းသွားခဲ့သည်။ ကျွန်တော့နည်းတူ နိုင်ငံခြားသားများလည်း ဓာတ်လှေကားဆီသို့ လိုက်ပါလာခဲ့ကြသည်။ ဘုရားခြေတော်ရင်း၌ ကျွန်တော့်ရှေ့တွင် ရောက်နှင့်ပြီးဖြစ်သော နိုင်ငံခြားသားများသည် အုတ်နံရံလေးများပေါ်တွင် ကိုယ်စီထိုင်နေကြသည်ကို တွေ့ရသည်။

ကျွန်တော်ဖိနပ်ရွေး၍ ဖိနပ်ချပြီး တစ်ရှူးထုတ်ကာ မျက်နှာနှင့်လက်တို့ကိုသုတ်နေစဉ် နိုင်ငံခြားသားများသည် တစ်ရှူးကိုယ်စီထုတ်ပြီး မျက်နှာနှင့် လက်တို့ကိုမသုတ်ဘဲ ခြေထောက်၊ ခြေဖဝါး၊ ခြေချောင်းလေးများကို ပယ်ပယ်နယ်နယ် အသီးသီးသုတ်နေကြသည်ကို ငေးမောတွေ့မြင်လိုက်ရပါသည်။

ခြေထောက်သုတ်ပြီးလျှင် တစ်ရှူးများကို အမှိုက်ပုံးရှိရာသို့ စနစ်တကျ သွားရောက်ထည့်ခဲ့ကြပါသည်။ ဤသို့စိတ်ကြိုက်သန့်ရှင်းရေးလုပ်ပြီးမှသာ ဖိနပ်များဝတ်ဆင်၍ ကားများဆီသို့ ထွက်ခွာသွားကြသည်။ ကျွန်တော့်အနေဖြင့် တစ်ရှူးကိုမျက်နှာသုတ်ရန်နှင့် လက်သုတ်ရန်ကိုသာ အသုံးပြုလေ့ရှိခဲ့ပါသည်။ ခြေထောက်သုတ်ရန် အသိမရှိ၊ တစ်ရှူးကုန်မှာနှမြောလှုပါဘိ။

ကျွန်တော်တို့တတွေသည် အများအားဖြင့် တစ်ရှူးကို မျက်နှာနှင့်လက်သုတ်ရန်အသိရှိကြပြီး ဘုရားကုန်းပေါ်မှအဆင်း ဘုန်းကြီးကျောင်းများမှအပြန်တွင် ခြေထောက်ကို သုတ်သင်ရှင်းလင်းခြင်းမရှိ၊ ဖိနပ်ချစီးပြီး ပြန်ကြသည်သာ များပါသည်။ ခြေထောက်ကို မျက်နှာနှင့်လက်လို သန့်ရှင်းရကောင်းမှန်းမသိ၊ မျက်နှာနှင့် ဝေးလှသည့်အတွက် ဥပေက္ခာပြုထားကြသည်။ "သတိမမူ ဂူမမြင်" ဖြစ်ခဲ့ကြသည်။

တကယ်တော့ မျက်နှာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေးတို့အပြင် ခြေထောက်သန့်ရှင်းရေးသည်လည်း လိုအပ်လျက်ရှိကြောင်း သတိပြုမိလိုက်သည်။ မိုးတွင်းလိုအခါမျိုး ရွှံ့ဗွက်ပေလျှင် တွေ့ရာအိုင်တွင် ခြေဆေးတတ်သည်။ အိပ်ရာဝင်ခါနီး ခြေထောက်ဆေးရန်မေ့တတ်ကြသည်။ ခြေထောက်ကိုလက်ကဲ့သို့ ရေချိုးလျှင် ဆပ်ပြာတိုက်၊ စနစ်တကျ ဆေးကြောရန်မေ့တတ်ကြသည်။ အလေ့အကျင့်နည်းသည်။

ထမင်းစားပြီး၊ သန့်စင်ခန်းတက်ပြီး၊ ဆပ်ပြာနှင့် လက်ဆေးကြောရန် အသိရှိနေကြပြီးဖြစ်ကြသော်လည်း "ခြေတစ်လှမ်း ကမ္ဘေတစ်သန်းတန်သည့်" ခြေထောက်ကို ဆေးရန်မေ့တတ်ကြသည်။ ဘုရားကုန်းတော်မှ အဆင်း ဘုန်းတော်ကြီးကျောင်းများမှအပြန် ခြေထောက် သန့်ရှင်းရေးလုပ်ရန် တာဝန်မရှိ။ ကျွန်တော့အမျိုးသမီးသည် ဥပုသ်နေ့တိုင်း ဘုန်းတော်ကြီးကျောင်း သွားလေ့ရှိသည်။ ကျောင်းအဝင် ဖိနပ်ချွတ်ခဲ့ပြီး အပြန်တွင် ခြေထောက်သန့်ရှင်းရန် အားနည်းသဖြင့် မကြာခဏ ခြေထောက်သဲဝဲစားသည်။ ခြေသည်းများထဲပိုးဝင်၍ မကြာခဏပုပ်တတ်သည်။

သို့ဖြစ်၍ "အီဘိုလာရောဂါကူးစက်မှု မရှိစေရေး ကာကွယ်ရန်နည်းလမ်းများ သတိပေးချက် ခုနစ်ချက်တွင် အချက်နှစ်ပါ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ" ဆိုသည့်အချက်အပြင် ဆက်လက်၍ "ခြေထောက်များကိုလည်း ရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ" ဟု ထပ်ဆင့်ဖြည့်စွက်သင့်ကြောင်း အကြံပြု တင်ပြလိုက်ရပါသည်။ ။

ညောင်ဖြူပင်ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးခန်း ဖွင့်လှစ်

ကျောက်ပန်းတောင်း၊ ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကန်ပတ်လည်ကျေးရွာအုပ်စု၊ ညောင်ဖြူပင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်သည့် ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ အဆောက်အအုံသစ်ရှေ့တွင် ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ချိုတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးလက်ဆေးပေးခန်း အဆောက်အအုံဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးက မြို့နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး ကျပ်တစ်သိန်းနှင့်အထက် မတည်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေး အဆောက်အအုံမှာ ပေ ၃၀ ပတ်လည် သွပ်မိုး၊ အုပ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး ဦးမျိုးဝင်းနှင့် ဇနီး ဒေါ်မျိုးမျိုးဝင်းမိသားစု (ရန်ကုန်မြို့) မှ မတည်အလှူငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ၊ ရပ်နီးရပ်ဝေးမှ စုပေါင်းလှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၅၉ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ရေးမြို့နယ်၊ ခေါဇမြို့အ.ထ.ကတွင် စာဖတ်စွမ်းရည်တိုးတက်ရန် ကျပန်း၊ပုံပြော၊ကဗျာ ရွတ်ဆိုပြိုင်ပွဲများကျင်းပ

ရေး၊ ဩဂုတ် ၂၀

ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည် တိုးတက်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ကျပန်း၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်က ရေးမြို့နယ် ခေါဇမြို့ အ. ထ. က ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တတိယတန်းကျောင်းသူလေးများက ရှုတိုင်းယဉ် ကဗျာဖြင့်လည်းကောင်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်း ကျောင်းသား၊ ကျောင်းသူများက ပုံပြောခြင်းဖြင့်လည်းကောင်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား၊ ကျောင်းသူများက ကျပန်းစကားပြောခြင်းဖြင့် အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမင်းဌေးဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ခွဲပြန်/ဆက် ဦးစီးမှူး ဒေါ်မိသူဇာက 'ဘဝတိုးတက်အောင်မြင်ဖို့ စာပေဖတ်ကြစို့' ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်ခွဲ(ပြန်/ဆက်)









ကနီမြို့ပြည်သူ့ဆေးရုံကြီး လူနာဆောင်တိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်

ကနီ၊ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ ၂၅ ကုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် ဆေးရုံပင်မလူနာဆောင်၏ လက်ဝဲနှင့် လက်ယာ တစ်ဖက်စီလျှင် အလျား ၇၀ ပေ၊ အနံ ၂၈ ပေရှိ သံကူကွန်ကရစ် အာစီ တိုးချဲ့လူနာဆောင်နှစ်ဆောင်နှင့် အလျား ၈၈ ပေ၊ အနံ ၃၂ ပေ အကျယ်ရှိ အခန်းလေးခန်းတွဲ သံကူကွန်ကရစ် အာစီလေးထပ်ဆောင် ဝန်ထမ်းအိမ်ရာများကို Bright Star Wave ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းများအရ ဦးစားပေးအစီအစဉ်အတိုင်း ဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား တိုးမြှင့်ခန့်ထားပေးခြင်းနှင့် ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းအခြေအနေများဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ ၂၅ ကုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်ကြီးတစ်ဦး၊ လက်ထောက်ဆရာဝန်သုံးဦးနှင့် သူနာပြုဆရာမ ၁၁ ဦးဖြင့် ပြည်သူများကို ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

သန်းဌွေးအောင်(ကနီ)

သဇင်ပန်းခိုင်မိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ပဲခူး၊ ဩဂုတ် ၂၀

ပဲခူးမြို့နယ်၊ သဇင်ပန်းခိုင်မိသားစု သာသနာရေးအသင်းမှ ကြီးမှူးကျင်းပသည့် ပဲခူးရောက် ရခိုင်လူမျိုးများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်အနီး မင်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့ မြသီတာကျောင်းဆရာတော် မေဓာသာရထံမှ ငါးပါးသီလဆောက်တည်ကြသည်။ ထို့နောက်သဇင်ပန်းခိုင်မိသားစု သာရေးနာရေးအသင်းနာယက ဦးအောင်ရွှေဇော၊ ဥက္ကဋ္ဌဦးဝေဇင်လတ်နှင့် အသင်းဝင်များက ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။

သားကြီး(ပဲခူး)

ကျောင်းပေါင်းစုံပြိုင်ပွဲများနှင့် ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန်၊ ဩဂုတ် ၂၀

အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ထက် လယ် မူကျောင်းများ၏ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ပြန်/ဆက်ဦးစီးဌာန၏ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပညာပေး နံရံကပ် ဓာတ်ပုံ စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အ. ထ. က (၁) ဗဟန်းမိုးဦးပန်းခန်းမတွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မေယဉ်နွဲ့က အဖွင့်အမှာစကားနှင့် ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မေသန္တာက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် ထက် လယ် မူကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးတို့က ဆက်လက်ပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။

သန္တာမေ(ပြန်/ဆက်)

ကျောင်းသား၊ ကျောင်းသူများ စကားရည်လုပြိုင်ပွဲများကျင်းပ

ရေး၊ ဩဂုတ် ၂၀

မွန်ပြည်နယ်၊ ရေးမြို့အ. ထ. က(၁) ရေးကျောင်း ပညာရတနာခန်းမဆောင်၌ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ စကားရည်လု၊ ကျပန်း၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးက အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ စကားပြောစွမ်းရည်နှင့် ဝေါဟာရစကားလုံးများ ကြွယ်ဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက် သွက်လက်ချက်ခြာ ရဲရင့်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ကြောင်းနှင့် စကားရည်လုပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးက 'ပညာဗဟုသုတရှာဖွေရာ၌ စာဖတ်ခြင်းက ခရီးသွားခြင်းထက်ပို၍ ထိရောက်သည်' ခေါင်းစဉ်နှင့်အတူ ခေါင်းစဉ်သုံးမျိုးဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည်။

ကျပန်းပြိုင်ပွဲတွင် ခေါင်းစဉ်ခြောက်မျိုးဖြင့် အလယ်တန်းအဆင့်မှ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး၊ မူလတန်းအဆင့် ကဗျာပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးနှင့် နှစ်သက်ရာပုံပြင်ဖြင့် ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၁ဦးတို့ အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထွန်းထွန်း(ရေး)

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ အထက်တန်းကျောင်းရှေ့တွင် စကားများရန်ဖြစ်၍ ဓားထိုးမှုဖြစ်ပွား

ပဲခူး၊ ဩဂုတ် ၂၀

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ အထက်တန်းကျောင်းရှေ့၌ ဩဂုတ် ၁၇ ရက် ည ၁၀ နာရီခွဲတွင် ဓားထိုးမှုဖြစ်ကြောင်းသတင်းရရှိ၍ ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်လှဖုန်းသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ဘုရားကြီး မြို့ပဒေသာရပ်ကွက်နေ ဝင်းကိုကိုနိုင်နှင့် တစ်ရပ်ကွက်တည်းနေထိုင်သော သက်လူထွန်း၊ ရန်လင်းဦး၊ မြတ်ကျော်ငြိမ်းတို့လေးဦးဆိုင်ကယ်စီး၍ အိမ်သို့ပြန်လာစဉ် လမ်းဆုံမီးပွိုင့်အရောက် ဘုရားလေးကျေးရွာဘက်မှ မျက်နှာချင်းဆိုင်မောင်းနှင်လာသော ဆိုင်ကယ်ဖြင့်တိုက်မိသလိုဖြစ်ရာမှ စကားများခဲ့ ကြသည်။

ထို့နောက် ဝင်းကိုကိုနိုင်တို့အဖွဲ့မှ အိမ်သို့ပြန်လာစဉ် နောက်မှငင်းတို့နှင့်စကားများခဲ့သော ဘုရားလေးကျေးရွာနေ မြင့်သူအောင်၊ ဉာဏ်ပြည့်ရှင်း၊ ကျော်လင်းထွန်း၊ ကောင်းမြတ်မင်းတို့သည် ဆိုင်ကယ်နှစ်စီးဖြင့် လိုက်လာပြီး ဘုရားကြီးမြို့ အ. ထ. က ကျောင်းရှေ့အရောက်တွင် ဆိုင်ကယ်အားရပ်ခိုင်း၍ ၎င်းအဖွဲ့မှ ဝင်းကိုကိုနိုင်တို့အဖွဲ့အား ထိုးကြိတ်ခဲ့သည်။

ဝင်းကိုကိုနိုင်တွင် ယာလက်မောင်းနှင့် ယာပေါင်တို့တွင် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ သက်လူထွန်းတွင် ယာဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်နှင့် ယာဘက်တင်ပါး ထိုးသွင်းဒဏ်ရာတစ်ချက်၊ ရန်လင်းဦးတွင် ဝဲဘက်လက်ပျင်အောက်ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိခဲ့သည်။

ပဲခူးမြို့ဆေးရုံကြီးသို့ တင်ပို့ပြီးဘုရားလေးကျေးရွာနေ မြင့်သူအောင်၊ ဉာဏ်ပြည့်ရှင်း၊ ကျော်လင်းထွန်း၊ ကောင်းမြတ်မင်းတို့လေးဦးအား အရေးယူပေးပါရန် ဝင်းကိုကိုနိုင်မှတရားလိုပြုလုပ် တိုင်ကြားသဖြင့် ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်လှဖုန်းက (ပ) ၁၀၅/၂၀၁၄ ပြစ်မှုပုဒ်မ၃၂၆/၃၉၄ အရအမှုဖွင့်၍ စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

သီဟရာဇာ(ဘုရားကြီး)

အာဟာရချက်ပြုတ်ရေးသရုပ်ပြပွဲ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျင်းပ

ရန်ကုန်၊ ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဝေါဗီရှင်(မြန်မာ)တို့ ပူးပေါင်း၍ မြို့နယ်အာဟာရရက်သတ္တပတ်ဖွင့်ပွဲနှင့် အာဟာရချက်ပြုတ်ရေးသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနား၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အာဟာရဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အာဟာရချက်ပြုတ်သရုပ်ပြခြင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါက မြို့နယ်အဆင့် စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

မင်းထက်ပိုင်(လှိုင်သာယာ)





အိမ်ရောင်းမည်

၁။ တောင်ဥက္ကလာ၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၃)လမ်း၊ ဝေဇယန္တာလမ်းနှင့်နီး၊ ၁၃' x ၆၀' သိန်း(၁၀၀၀)။
၂။ သယ်န်းကျွန်း၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၃)လမ်း၊ ၁၀' x ၆၀' သိန်း(၁၀၀၀)
၃။ ရေကျော်၊ စံပယ်လမ်း၊ (၅)လွှာ၊ ၁၅' x ၅၅' အသင့်နေနိုင် သိန်း(၅၀၀)

ဖုန်း-၀၉-၂၅၄၄၄၇၄၈၇

ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၈၀၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၄၆၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွှာသာကြီး)

အတွေးအမြင်ဆောင်းပါး

သူ့အရွယ်နှင့်သူ့အလှ

à &noufeAwxnif

စာရေးသူသည် မိတ်ဆွေများရှိရာ မင်္ဂလာဒုံသို့ တစ်လတစ်ခါဆိုသလို ကျောင်းပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင် သွားရောက်လေ့ရှိပါသည်။ သွားတိုင်းမှာလည်း စံပြရုံရှင်ရုံရှေ့မှ အမှတ် (၅၁) လိုင်းကားကို စီးနေကျဖြစ်သည်။

မနက်ပိုင်း ၉ နာရီကျော်ကျော်ခန့် စာရေးသူကားပေါ်တက်တော့ ထိုင်ခုံတွေအကုန်ပြည့်နေသည်မို့ မတ်တပ်ရပ်၍ စီးခဲ့ရပါသည်။ စာရေးသူမတ်တပ်ရပ်နေသည့်ရှေ့မှ ထိုင်ခုံတွင် စာရေးသူ၏အသက်ထက် အနည်းငယ်ကြီးပုံရသော လေးဆယ်ကျော် ငါးဆယ်ခန့် မိန်းမကြီးနှစ်ယောက်မှာ လူအများ သတိထားမိလောက်အောင် ပြင်ဆင်ခြယ်သထားသည်ကို တွေ့ရပြီး စကားတွေဖောင်ဖွဲ့ပြောကာ မကြာခဏ (အသံထွက်အောင်) ရယ်မောနေပါသည်။ မြေနီကုန်းမှတ်တိုင်ရောက်တော့ လူငယ်လေးသုံးလေးယောက်တက်လာပြီး စာရေးသူ၏နောက်တွင်ရပ်ပါသည်။ ကားမှာ ပုံမှန်ဆက်လက်မောင်းနေပါသည်။

“ဟေ့-မင်းတို့ကိုပြောရအုံးမယ်။ ရှေ့ဆောင်ရုပ်ရှင်ရုံကရုပ်ရှင် အရမ်းကောင်းတယ်။ ဒီတစ်ပတ်အားရက် ငါတို့ဒိတ်လုပ်ပြီး ဒိုးရအောင်”

“ဟုတ်လား၊ ကောင်းတယ်။ ဒိုးမယ်ကွာ၊ ဟိုကောင်တွေကိုလည်း ဝင်ခေါ်ရအုံးမယ်။ အဲဒါမှ ငါတို့အဖွဲ့မိုက်မှာ။ ပြီးရင် ပြည်သူ့ဥယျာဉ်ပတ်မယ်။ သီချင်းသွားဟစ်မယ်ကွာ”

ခေတ်လူငယ်များပေမို့ လွတ်လပ်စွာပြောဆိုနေကြပေသည်။ ထို့နောက် စကားသံခဏတိတ်သွားကာ အနည်းငယ်နှိမ့်ချ၍ ပြောသံထွက်လာပါသည်။

“ဟေ့ကောင်၊ ဟိုရှေ့ကမိန်းမကြီးနှစ်ယောက်ကိုကြည့်စမ်း”

“ဘယ်မှာလဲ”

“ဟိုမှာကွာ”

အသံသည် ခဏတိတ်သွားပြန်သည်။ ပြီးမှ-

“အသက်က . . . . စောင့်နေပြီ။ ဝတ်ထားတာကိုက. . .”

“အဲဒါပေါ့ အသက်ကြီးမှ . . . . ဖိုးထိုးနေတာ”

စကားသံများကြမ်းလာပြီမို့ ကျွန်မသည် ခတ်ဆတ်ဆတ်လှမ်းကြည့်လိုက်ပါသည်။ ထိုပြောနေသူဟုထင်ရသော ကောင်လေးနှစ်ယောက် ကျွန်မကိုကြည့်ကာ ကိုယ်ရှိန်သတ်သွားပါသည်။ ထို့နောက်မှာတော့ စကားသံထွက်ပေါ်မလာတော့ပါချေ။ ပြည်လမ်းရောက်တော့ ဆင်းသွားကြပါသည်။ ကျွန်မလည်း အခုမှ ရှေ့မှထိုင်နေသော အမျိုးသမီးကြီးနှစ်ယောက်ကို သေချာကြည့်မိပါသည်။ ကာလာစုံခြယ်ထားသော မျက်နှာအောက်မှ ဖုံးဖိမရပါသော ဇရာ၏အရေးအကြောင်းအချို့မှာ ပေါ်နေပါသည်။ အတွင်းခံကြိုးသာသာ ကြိုးတစ်ချောင်းတည်း အင်္ကျီလည်ဟိုက်မှာ အတော်ပင်ဟိုက်၍ အတွင်းကမမြင်အပ်သည့် မိန်းမကိုယ်ခန္ဓာ (အပေါ်ပိုင်း)မှာ တစ်ဝက်လောက် မြင်တွေ့နေရပါသည်။ အောက်တွင်ထဘီစကတ်မှာလည်း ကျပ်ထုပ်ပြီး ခြေသလုံးတစ်ဝက်သာ ဖုံးပါသည်။ နောက်တစ်ဦးမှာလည်း ထိုနည်းတူပင်။ အပေါ်ပိုင်းအင်္ကျီမှာ ကြပ်ထုပ်နေ၍ အတက်လိုက် အရစ်လိုက် အောက်က ဘောင်းဘီတိုကျပ်ကျပ်ဝတ်ထားသည်။

ကျွန်မ မသိမသာသက်ပြင်းချမိပါသည်။ ဩော်-ပြောတဲ့သူလွန်သည်ဟု ထင်မိသော ကျွန်မ ခုမှသဘောပေါက်တော့သည်။ ပြောတဲ့သူတွေ ပြောစရာဖြစ်အောင် နေတဲ့သူတွေလည်း ရှိကြပါလားဟု နားလည်မိသည်။ ခေတ်မီ၊ ခေတ်ဆန်ပြီး လွတ်လပ်စွာဝတ်စားနေထိုင်တာကို အပြစ်မပြောချင်ပေမယ့် ကျွန်မတို့နိုင်ငံတွင် အသက်အရွယ်အလိုက် ကွာခြားမှုရှိပါသည်။

ဤကဲ့သို့သော ဝတ်စားဆင်ယင်မှုမျိုးများဖြင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများ ဝတ်စားဆင်ယင်ပါက ကိုယ့်မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည်မှာမှန်သော်ငြားလည်း ခုနကပြောသကဲ့သို့ သူတစ်ပါး၏ နှင့်သီးစွာပြောဆိုမှုကိုတော့ ခံရချင်မှ ခံရပါလိမ့်မည်။ အသက်အရွယ်လွန်မှုကြောင့် ခေတ်မီတာ၊ ခေတ်ဆန်တာကို နားလည်လို့ရပါသည်။

တိုင်းတစ်ပါး (နိုင်ငံခြား) တိုင်းပြည်များမှာတော့ မည်သည့်အသက်အရွယ်ပဲဖြစ်ဖြစ် ဝတ်ချင်သလိုဝတ်စားလို့ရပေမယ့် ကျွန်မတို့တိုင်းပြည်တွင် ဤသို့လိုက်တုပ၍ မဝတ်သင့်ပေ။ မရဘူးလားဟုမေးပါက ရတော့ရပါသည်။

သို့ပေမယ့် မသင့်တော်ပေ။ ဤသည်ကို သဘောပေါက် နားမလည်ဘဲနှင့် ဇွတ်အတင်းတုပ၍ လိုက်လုပ်ပါက ခုနကလို သူတစ်ပါး၏အထင်သေးမှု၊ အရှိုးသေတန်မှုနှင့် မလေးစားမှုတို့ကို ခံရမည်ဖြစ်ပေသည်။

စင်စစ်အားဖြင့် မြန်မာပြည်တွင်နေသော မြန်မာမိန်းကလေးတစ်ယောက်မှာ သူ့အရွယ်နှင့်သူ့အလှ ဖြစ်အောင် ဝတ်စားဆင်ယင်နေထိုင်တတ်ပါမှ တင့်တယ်၍ ကျက်သရေရှိပေသည်။ အရွယ်လတ်ပိုင်းသို့ ရောက်လာသူများသည် အရွယ်ငယ်(ဆယ်ကျော်သက်) အရွယ်ကဲ့သို့ ဝတ်စားဆင်ယင်မှုမျိုး၊ နေထိုင်ပြောဆိုမှုမျိုး မဖြစ်သင့်သလို အသက်အရွယ်ကြီးရင့်၍ တရားဘာဝနာဖြင့် တည်ငြိမ်အေးဆေးစွာနေရမည့်အချိန်မှာလည်း လူလတ်အရွယ်ကဲ့သို့ ပေါ့ပြက်ပြက်နေထိုင်သွားလာ၍ သင့်တော်မည်မဟုတ်ပေ။

ဤကဲ့သို့ ဝတ်စားဆင်ယင်နေထိုင်မှုသည် မိမိ၏ ဣန္ဒြေ၊ သိက္ခာနှင့် လူအများ၏လေးစားမှုတို့ဖြင့်ပါ သက်ဆိုင်၍ဖြစ်ပါသည်။ အမှန်က အရမ်းခေတ်ရှေ့ပြေးအောင်ဝတ်နိုင်မှ လှပတာမဟုတ်ပါဘူး။ သူ့အသက်အရွယ်အလိုက် တင့်တယ်စွာဝတ်စားဆင်ယင်ရင်ဖြင့် မြင်ရသူတိုင်း စိတ်ကြည်နူး၍ အလှစစ်ဖြင့် လှပကြသည်ပဲဖြစ်ပါသည်။ ကျွန်မတစ်ယောက်တည်း စဉ်းစားခန်းဖွင့်ပြီး အတွေးနယ်ချဲ့နေစဉ်မှာပင် မိန်းမကြီးနှစ်ယောက် လည်းတန်းမှတ်တိုင်တွင် ဆင်းသွား၍ နေရာရပါတော့သည်။ ဆင်းရန်နေရာမှထချိန်တွင်လည်း ကျပ်သတ်နေသည့် အင်္ကျီကို အတင်းဆွဲချ၍ ပုံမပျက်ရန်ပြင်ဆင်နေသည်ကို တွေ့ရပါသည်။

> တိုင်းတစ်ပါး (နိုင်ငံခြား)တိုင်းပြည်များမှာတော့ မည်သည့်အသက်အရွယ်ပဲဖြစ်ဖြစ် ဝတ်ချင်သလိုဝတ်စားလို့ရပေမယ့် ကျွန်မတို့တိုင်းပြည်တွင် ဤသို့လိုက်တုပ၍ မဝတ်သင့်ပေ။ မရဘူးလားဟု. . . .

အင်း-ဥပဓိရုပ်များလည်း ကောင်းကြသူများမို့ ထိုအဝတ်အစားများနေရာတွင် သူတို့အသက်အရွယ်နှင့် သင့်တင့်လိုက်ဖက်သော မြန်မာထဘီနှင့်တွဲကာ လုံလုံခြုံခြုံနှင့် သက်သောင့်သက်သာရှိသော အင်္ကျီလှလှကလေးများ ဝတ်ဆင်ထားပါက ဒီထက်မကလှပ၍ ကျက်သရေရှိကြပေမည်ဟု စိတ်က ထင်မိပါသည်။ ဘာကြောင့်များ ဒီလို စိတ်ကျဉ်းကျပ်၍ အနေရအထိုင်ရခက်သော၊ ပွလောင်၍ လူအများပြောဆို အထင်သေးစရာဖြစ်သော လှပမှုကို ရွေးချယ်ရတာပါလိမ့်ဟု စဉ်းစားမိပါသည်။

လူရယ်လို့ဖြစ်တည်ပေါက်ဖွားလာကတည်းက ကိုယ်စီဦးတည်း၊ တစ်အိမ်တည်းတွင် နေထိုင်ပြီး ကိုယ့်ကိုယ်ကိုယ်သာ ကြည့်ရှုနေကြရသည် မဟုတ်ပေ။

မိမိတစ်ဦးတည်းနေလျှင် ဘယ်လိုနေနေ သင့်တော်ပေမယ့်အပြင်လောကနှင့် ဆက်နွယ်ကျင်လည်သွားလာရာ၌ မိမိ၏အနေအထိုင် ဝတ်စားဆင်ယင်မှုတို့သည် သူတစ်ပါးနှင့် တိုက်ရိုက်သက်ဆိုင်ပေသည်။ ထို့ကြောင့်ပင် သူတစ်ပါးကြည့်ရှု၍ တင့်တယ်အောင်၊ ပြောဆိုစရာမဖြစ်အောင်၊ မျက်စိပသာဒဖြစ်အောင် ဝတ်စားဆင်ယင် နေထိုင်တတ်ကြဖို့ လိုပါသည်။

ထို့ကြောင့် မြန်မာပြည်တွင် နေထိုင်ကြကုန်သော မြန်မာအမျိုးသမီးများသည်‘ယဉ်ကျေးသိမ်မွေ့ မြန်မာလေ့’ ဟူသော ဆောင်ပုဒ်အတိုင်း ‘သူ့အရွယ်နှင့် သူ့အလှ’ ကိုက်ညီအောင် ဝတ်စားဆင်ယင် တတ်ကြစေရန် ဆန္ဒပြုရင်းဖြင့်။ ။

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ ရွှေသင်းဘိုးဘွားရိပ်သာတွင် ငါးနှစ်ပြည့် အထိမ်းအမှတ် ကျင်းပ

ရမည်းသင်း၊ ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ ရွှေသင်းဘိုးဘွားရိပ်သာ၏ ငါးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ယင်းရိပ်သာ ဧည့်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ စဝတ(၃) တပ်မှူး ဗိုလ်မှူးကြီးမိုးဟိန်းနှင့်ဇနီး၊ ဒုတပ်မှူး အရာရှိ အရာခံများ၊ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းအုပ်ကြီး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်း၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းထွန်း၊ သ/မဦးစီးအရာရှိ မြန်/ဆက်ဦးစီးအရာရှိ၊ အ. ထ. က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်း၊ ဆရာမများနှင့် ကျောင်းသူများ၊ ရွှေသင်းဘိုးဘွားရိပ်သာအမှုဆောင်များ၊ အလှူရှင်များ၊ အလင်းရောင် ပရဟိတအဖွဲ့မှ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေသင်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးရွှေဖ အဖွင့်အမှာစကားပြောကြားပြီးဘဏ္ဍာရေးမှူး ဦးစစ်တင်က ရိပ်သာ၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ဆက်လက်၍ အလှူရှင်များ၏ လှူဒါန်းခြင်းကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အဘိုးအဘွားများအား နှစ်ပတ်လည်အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါရွှေသင်းဘိုးဘွားရိပ်သာသည် ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးအရှေ့ဘက်၊ ဆင်ကျုံးတောရကျောင်းတောင်ဘက်တွင် တည်ရှိပြီး အဘိုး ငါးဦး၊ အဘွား ၁၂ ဦးတို့ကို ဖေးမစောင့်ရှောက်ပေးလျက်ရှိသည်ဟု သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

တစ်ဦးတည်းဖြစ်ကြောင်း
ပန်းတနော်မြို့နယ်၊ ကျုံတိုင်းကလေးအုပ်စု၊ အစုကြီးကျေးရွာနေ အဖ ဦးစောလှမြ(ခ)ဦးစောလှဘွား၏ သား မောင်သက်ပိုင်ဦး၁၄/ပတန(နိုင်)၁၅၉၂၀၃နှင့် စောကိုပိုင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်သက်ပိုင်ဦး(ခ)စောကိုပိုင်း



ရောင်းမည်/ငှားမည်
၁။ သန်လျင်တံတားအဆင်း ထွင့်ခေါင်အိမ်ရာ (Star City)နှင့်ကပ်လျက် ပေ(၈၀×၉၀) 2 RC၊
၂။ မှော်ဘီ၊ ရန်ကုန်ပြည်လမ်းမပေါ် (၃. ၂)ဧက 3 B ကျပြီး၊ (စက်ရုံသင့်တော်)
ဖုန်း-၃၇၆၉၃၈၊ ၀၉-၂၀၃၃၀၉၇၄၊ ၀၉-၂၅၄၁၃၆၂၁၄



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/တောင်)၊ မြေကွက်အမှတ်(၃၈၈/ခ) မြေကွက်တည်နေရာအမှတ်(၃၈၈/ခ) အောင်ချမ်းသာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် (ဦးဟယ်ရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဟယ်ရီ ကွယ်လွန်သဖြင့် ဒေါ်ပြုံးမြ[၁၂/သကတ(နိုင်)၀၃၆၅၁၆]က တစ်ဦးတည်းသော ဖခင်တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ယ)၊ မြေကွက်အမှတ်-(၁၃၀၁)၊ မြေကွက်တည်နေရာအမှတ်(၁၃၀၁)၊ ဝေပုလ္လ(၃)လမ်း၊ ဦးသန့်ဌေးအောင် (အန်/အိုကေအေ-၀၃၃၃၈၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးသန့်ဌေးအောင် ကွယ်လွန်သဖြင့် ဒေါ်ရင်ထွေး[၁၂/ဥကမ(နိုင်)၁၁၂၀၆၅]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက် ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၈၄၄/က) မြေကွက်တည်နေရာအမှတ်(၈၄၄/က) မေမာကျောင်းလမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဦးတင်အေး [၁၂/ဥကမ(နိုင်)၀၅၇၇၃၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးတင်အေး ကွယ်လွန်သဖြင့် ဒေါ်သန်းသန်း [၁၂/ဥကမ(နိုင်)၁၁၅၇၇၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေကွက်အမှတ်(၆၀၂) မြေကွက်တည်နေရာအမှတ်(၆၀၂) အင်းလေးလမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ (ဒေါ်မြမြသန်း)အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား ဦးခင်မောင်ထွန်း+၁၄ ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားမကြီးမှုအမှတ် ၂၅/၂၀၁၄ စီရင်ချက်၊ တရားမဒီကရီမှုအမှတ် ၃၂/၁၄၊ ထိုးပုံကျအတိုင်းသက်အမိန့်တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဒေါ်နွဲ့ဝင့်ဝင့်ဖြူ(ဘီလစ်)မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ရွှေဘိုခရိုင်ရှိ နွယ်ငြိမ်းကျေးရွာတွင် မြန်မာတို့၏ အစဉ်အလာမပျက် စဥ့်မြေမီးဖုတ်လုပ်ငန်းကို နိုင်ငံခြားသားခရီးသွား ဧည့်သည်များ စိတ်ဝင်တစား လေ့လာ

မလှိုင်၊ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နှင့် ၁၇ မိုင်ဝေးကွာသည့် ဧရာဝတီမြစ် ကမ်းနံဘေးအနီး၌ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်ကတည်းက တည်ရှိခဲ့သည့်ကျေးရွာများအနက် ကျောက်မြောင်းအုပ်စုသည် နွယ်ငြိမ်းကျေးရွာ၊ ရွှေခွန်ကျေးရွာ၊ ရွှေတိုက်ကျေးရွာ၊ မလားကျေးရွာဟု လေးရွာ ရှိပြီး အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများသည် ၎င်းတို့ဒေသရှိ မော်တွင်း(ဝါ) ရွှေတောများ၌လုပ်ကိုင်၍ စီးပွားရှာနေသော်လည်း ကျောက်မြောင်းအုပ်စု အမှတ်(၄) ရပ်ကွက် နွယ်ငြိမ်းကျေးရွာသည် အိမ်ခြေ ၂၀၀၀ခန့်ရှိပြီး ရွာလုံးကျွတ် ရှေးအစဉ်အလာမပျက် စဥ့်မြေမီးဖုတ်လုပ်ငန်းကို ယနေ့အချိန်အထိ တွင်ကျယ်စွာ လုပ်ကိုင်ကြသည်ဟု သိရသည်။

အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ၎င်းကျေးရွာနေသူ ဦးဇော်လင်းနိုင်က "ကျွန်တော်တို့ ကျောက်မြောင်းအုပ်စုမှာ ကျေးရွာ လေးရွာရှိပြီး နွယ်ငြိမ်းကျေးရွာအနေနဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်ကတည်းက ယနေ့အချိန်အထိ အစဉ်အလာမပျက် စဥ့်မြေမီးဖုတ်လုပ်ငန်းကို လုပ်ကိုင်နေကြတာပါ။

" ယခုဆိုရင် နိုင်ငံတော် အစိုးရသစ်လက်ထက်မှာ လမ်း တံတားတွေအသစ်ဖောက်လုပ်ပေးသလို ပြုပြင်သင့်သည့် လမ်းတံတားတွေကို ပြုပြင်ပေးတော့ကျွန်တော်တို့လို ပြည်သူတွေအနေနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ လွယ်ကူစွာရောင်းဝယ်နိုင်သလို မြန်မာနိုင်ငံကို လာရောက်လေ့လာလည်ပတ်တဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ ဧရာဝတီမြစ်ကမ်းနံဘေးမှာရှိတဲ့ စဥ့်မြေမီးဖုတ်လုပ်ငန်းကို နေ့စဉ်လာရောက်လေ့လာကြသလို ဧရာဝတီမြစ်ရဲ့အလှအပကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြပါတယ်။

"စဥ့်မြေမီးဖုတ်တဲ့လုပ်ငန်းဟာ အရမ်းပင်ပန်းပါတယ်။ ဒါပေမယ့် ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်လာကြတော့ ယနေ့အချိန်အထိ နောင်လာနောင်သားများက လုပ်ကိုင်နေကြတာပါ။ စဥ့်မြေအိုးမီးဖုတ်တာက အမျိုးမျိုးရှိပါတယ်။ ၅ ပိဿာဝင်အိုး၊ ၁၀ ပိဿာဝင်အိုး၊ ၁၅ ပိဿာဝင်အိုးနဲ့ ၁၅၀ ပိဿာဝင်အိုး အစရှိတဲ့အိုးများအပြင် အလှဆင် စဥ့်ပန်းအိုးအလှအိုးများကိုပါ ကျွန်တော်တို့ကျေးရွာက ထုတ်လုပ်ရောင်းချတာပါ။

"အိုးထုတ်လုပ်မှုက ပထမ ညောင်နီ၊ မြေနုစတဲ့ အခြားမြေသားများနဲ့ ရောစပ်ပြီး အမှုန့်ဖြစ်အောင် စက်ကြီးတွေနဲ့ ကြိတ်ရပါတယ်။ ဒုတိယအနေနဲ့ အမှုန့်ဖြစ်လာတဲ့ မြေမှုန့်များကို ဖျော်စပ်ပြီး အိုးရိုက်လုပ်ရပါတယ်။ အိုးလုပ်တဲ့အခါမှာ အရမ်းဂရုစိုက်ရပါတယ်။ ရိုက်ပြီးသားအိုးတွေကို စဥ့်မြေမီးဖုတ်ဖိုကို အိုးအလိုက် မီးဖိုတည်ရပါတယ်။ သုံးရက်ကြာမီးဖုတ်ထားတဲ့အိုးများကို ချော်စတဲ့ အလှဆင်ပစ္စည်းများနဲ့ အလှဆင်ကာ ရောင်းတန်းဝင်အောင် လုပ်ကိုင်ရပါတယ်။

"ရောင်းတန်းဝင်အိုးဖြစ်တာနဲ့ အနယ်နယ်အရပ်ရပ်က အိုးကုန်သည်များက လာရောက်ဝယ်ယူကြသလို ကျွန်တော်တို့ ဒေသခံများကလည်း အနယ်နယ်အရပ်ရပ်ကို တင်ပို့ရောင်းချကြပါတယ်။ ရောင်းဈေး အနေနဲ့ ၁၅၀ ပိဿာဝင် စဥ့်မြေမီးဖုတ် အိုးတစ်လုံးကို ၂၅၀၀၀ ခန့်၊ ၅၀ ပိဿာဝင် အိုးတစ်လုံးကို ၉၅၀၀ ကျပ်ခန့် ပြန်လည် ရောင်းချကြပါတယ်။

"အထူးသဖြင့် စဥ့်မြေ မီးဖုတ်လုပ်ငန်းကို နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာကြသလို ကျွန်တော်တို့ကျေးရွာက ဧရာဝတီမြစ်ဘေးမှာရှိတော့ အိုးကုန်သည်တွေအတွက် ကုန်းလမ်း၊ ရေလမ်းခရီးကို အသုံးပြုပြီး တင်ပို့ရောင်းချရတဲ့အတွက် အဆင်ပြေသလို ကျွန်တော်တို့ကျေးရွာက အိုးလုပ်ငန်းရှင်တွေက စေတနာပါထည့်ပြီး လုပ်ကိုင်ကြတော့ စဥ့်မြေမီးဖုတ်အိုးအသုံးပြုတဲ့ မိဘပြည်သူတွေလည်း စိတ်ချမ်း သာပါတယ်" ဟု ပြောပြခဲ့သည်။

ယင်းကြောင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်ကတည်းက တည်ရှိနေခဲ့သည့် နွယ်ငြိမ်းကျေးရွာသည် မြန်မာတို့၏ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းလာခဲ့သော စဥ့်မြေမီးဖုတ်လုပ်ငန်းသည် ယနေ့အချိန်အထိ တည်ရှိနေခဲ့သောကြောင့် နေ့စဉ် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာကြသကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကျော်ကျော်(မလှိုင်)

ကြည့်မြင်တိုင်နှင့် အလုံမြို့နယ် ဆက်သွယ်သည့်တံတား ကားဖြတ်ကူး နိုင်ရန် တိုးချဲ့ဆောက်လုပ်

ရန်ကုန်၊ ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သစ်ယာလမ်းနှင့် အလုံမြို့နယ်၊ ဆင်ရေကန်လမ်းတို့ကို ဆက်သွယ်ထားသည့် ကွင်းကျောင်းချောင်းကိုဖြတ်ကျော်တည်ဆောက်ထားသည့် အရှည်ပေ ၈ × ၄၂ ပေရှိ လူကူးတံတားကို ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ တင်ပြမှုအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား) အင်ဂျင်နီယာဌာနမှ လက်ထောက်ဌာနမှူးနှင့် ဝန်ထမ်းများက တံတားတစ်ဖက်စီတွင် သုံးပေစီရှိ လူကူးစင်္ကြံအပါအဝင် အရှည်ပေ ၃၀ × ၁၇ ပေရှိ ကားဖြတ်ကူး နိုင်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းကို ဩဂုတ် ၁၉ ရက်က လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ကားဖြတ်ကူးနိုင်မည့် တံတားပြီးစီးပါက ကားများပါ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက် လျော့နည်းသွားမည်ဖြစ်ပြီး ကြည့်မြင်တိုင်နှင့် အလုံမြို့နယ်တို့ ဆက်သွယ်မှု ကောင်းသွားမည်ဖြစ်ကြောင်း တည်ဆောက်ရေး အဖွဲ့တွင်ပါဝင်သည့် အငယ်တန်းအင်ဂျင်နီယာ ဦးထွန်းထွန်းဦးက ပြောကြားခဲ့သည်။

ထိန်ဝင်း(ကြည့်မြင်တိုင်)

ရန်ကုန်မြို့လယ်၌ ရွှေဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးအရေးယူနိုင်ခဲ့

ရန်ကုန်၊ ဩဂုတ် ၂၀

လမ်းမတော်မြို့နယ် ၇ ရပ်ကွက် ရွှေတောင်တန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်တွင် ဩဂုတ် ၁၇ ရက် ည ၇ နာရီက လမ်းလျှောက်လာသူ အမျိုးသမီးတစ်ဦး၏ လည်ပင်းတွင်ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးကို လူငယ်တစ်ဦးမှ ဆွဲယူဖြတ်ပြေးရာ ယင်းနေရာအနီးရှိ လမ်းသွားလမ်းလာများနှင့် လှည့်ကင်းတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကင်းမြို့နယ် ၉ ရပ်ကွက်တွင်နေထိုင်သော ဒေါ်သန်းသန်းဝင်း ၄၀ နှစ်သည် မဟာဗန္ဓုလလမ်းအတိုင်း အရှေ့မှအနောက်သို့ ညီမဖြစ်သူ၊ တူဖြစ်သူတို့နှင့်အတူ လမ်းလျှောက်လာစဉ် အထက်ဖော်ပြပါနေရာအရောက် မျက်နှာချင်းဆိုင်မှလမ်းလျှောက်လာသည့် အမည်မသိ အမျိုးသားလူငယ်တစ်ဦးမှ ဒေါ်သန်းသန်းဝင်း၏ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးကို ဖြတ်ပြေးမည်ပြုရာ အဆိုပါအမျိုးသမီးက ပြန်လည်ဆွဲကိုင်ထားပြီး ညီမဖြစ်သူမှ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းရာ ဆွဲကြိုးဖြတ်ရန်ကြံရွယ်သူလူငယ်မှာ ထွက်ပြေးသွားကြောင်း သိရသည်။

သို့သော် ယင်းနေရာဝန်းကျင်တွင်ရှိနေသော ပြည်သူများနှင့် လှည့်ကင်းတာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးရမိသဖြင့် အဆိုပါလူငယ်ဖြစ်သူ လသာမြို့နယ် ၃ ရပ်ကွက်နေ ဆိုက်ကားနင်းသူ သန်းထွေး ၂၄ နှစ်အား အရေးယူပေးပါရန်တိုင်ကြားသဖြင့် လမ်းမတော်မြို့နယ်ရဲစခန်းမှ (ပ)၂၀၂/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၂ ဖြင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

မောင်စေအောင်

တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

ရွှေလောင်းလမ်း၊ လမ်းသန့်၊ ပေအကျယ်(၁၂½×၅၀)၊ ပထမထပ် (IF)၊ ကျွန်းပါကေး အပြည့်ခင်း၊ အခန်း(၁)ခန်း၊ အဲယားကွန်း(၁)လုံး၊ ကောနစ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ကြွေခင်းကပ်၊ အိမ်သာဘိုထိုင်၊ သံပန်းဆန်းရှိတ်၊ ရေမီး၊ ကိုယ်ပိုင်၊ တိုက်သန့်၊ လေဝင်လေထွက်ကောင်း၊ သိန်း(၇၅၀) Ph: 09-254282281, 09-401616917

နှစ်ချုပ်ဖြင့်ငှားလိုသည်

Hilux Vigo/Belta Filder/ Probox/ Passo fit match/Light Truck
ကားများနှစ်ချုပ်ဖြင့် အမြန်ငှားလိုသည်။
ဖုန်း-09-254179351
09-31959304

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဦးမောင်ထူး [၁၀/ကမရ(နိုင်)၁၂၈၁၄၇]-ဒေါ်သန်းမြင့် [၁၀/ကမရ(နိုင်)၁၁၉၉၇၆]၏ သား မောင်မျိုးကျော်သူ အထက၊ ကဒါ နဝမတန်း(C)အား မောင်မျိုးကျော်သက်ဟုအမည်ဖြည့်စွက်ခေါ်ဆိုပါရန်။ မောင်မျိုးကျော်သက်

ကန့်ကွက်နိုင်ပါသည်

ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ် အထက၊ ကဒါ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မနန်းမြင့်မြင့်စန်း၏ ဖခင်အမည်မှန်မှာ ဦးစောလှသန်း[၃/ဘသဆ(နိုင်)၀၂၀၀၁၃] ဖြစ်ပါကြောင်း။ ဦးစောလှသန်း

ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ် အထက၊ကဒါ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မောင်အောင်စိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးစောသောင်းကြည် [၃/ကဆက(နိုင်)၀၂၁၇၇၀] ဖြစ်ပါကြောင်း။ ဦးစောသောင်းကြည်

ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ် အထက၊ ကဒါ ဒသမ တန်း(B)တွင် ပညာသင်ကြားနေသော မနှင်းယုယုခိုင်၏ ဖခင်အမည်မှန်မှာ ဦးငွေလင်း [၁၀/ကမရ(နိုင်)၀၇၀၉၈၂] ဖြစ်ပါကြောင်း။ ဦးငွေလင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ၃၃/၁၁ကေဗွီနှင့် ၁၁/၀.၄ကေဗွီ ချို့ယွင်း ထရန်စဖော်မာ ၆၈လုံးအား ၃လအတွင်းပြီးစီးအောင် ပြုပြင်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ဆိုဆောင်ရွက်မည်ဖြစ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	- ၂၁-၈-၂၀၁၄
တင်ဒါပိတ်မည့်ရက်	- ၂၉-၈-၂၀၁၄
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

အမည်မှန် ဦးမြတ်ဆွေ၏သမီး အထက(၁)သဃ်န်းကျွန်း $\overline{X}$ (A)မှ မမေသဥ္ဇာဆွေ၏ အမည်မှန်မှာ မပြည့်မျိုးခင်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈/က)၊ မြေကွက်တည်နေရာအမှတ်(၈/က)၊ ၃လမ်း(၄)ရပ်ကွက်၊ တ/ဥ (ဦးသန့်ဇင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန့်ဇင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်ရီ[၁၄/ဖပန(နိုင်)၀၉၂၈၈၉]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာသေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မကွေးတွင်သက်ကြီးအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပွဲကျင်းပ

နတ်မောက်၊ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာ အ. ထ. က ကျောင်းကြီး၏ ထက်လယ်မှုကျောင်းကြီးတစ်လျှောက် ပညာနို့ရည်တိုက်ကျွေးခဲ့ကြသည့် သက်ကြီးအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူအပေါင်းတို့အား ရည်စူးအလှူဒါနပြုလှူဒါန်းပွဲကို ဩဂုတ် ၁၀ ရက်က ရွှေပန်းတောကျေးရွာ အ. ထ. ကကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပညာရေးဝန်ကြီး၊ ရွှေပန်းတောကျေးရွာ အ. ထ. ကကျောင်း၏ ဆရာကြီးဟောင်း ဦးအောင်ကျော်မင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လက်ရှိကျောင်းသား၊ ကျောင်းသူများ၊ အနီးပတ်ဝန်းကျင်မှ ကျေးရွာသူ၊ ကျေးရွာသားများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာ ၁၀ ပါးအား လှူဖွယ်ပစ္စည်း နှင့် ဆွမ်းဆက်ကပ်လှူဒါန်း၍ ရေစက်ချအမျှအတန်းပေးဝေမှု ဆောင်ရွက်ကြကြောင်း သိရသည်။ **(၃၂၉)**

ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားစေရေး ချောက်မြို့နယ်တွင် ဆိတ်မွေး မြူရေး ချေးငွေပေးအပ်

ချောက်၊ ဩဂုတ် ၂၀

ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားစေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချောက်မြို့နယ်တွင် ဆိတ်မွေးမြူရေး ချေးငွေပေးအပ်၍ တစ်အိမ်ထောင်လျှင် ဆိတ်ငါးကောင်နှင့် ရွာ ၁၂ ရွာမှ အိမ်ထောင်စု ၁၂၀ အား ဆိတ်ကောင်ရေ ၆၀၀ အတွက် ချေးငွေများထုတ်ချေးမွေးမြူစေခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ပြည့်ပင်အုပ်စု ဘုန်းတဲကျေးရွာတွင် ဆိတ်မွေးမြူထားရှိမှုအား တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမောင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလင်းနှင့် ဝန်ထမ်းများရောက်ရှိကြည့်ရှုအားပေးပြီး ဆိတ်မွေးမြူရေး ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းဋ္ဌေး(ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဗလာစာအုပ်နှင့် စာရေးကိရိယာမျိုးစုံ ပညာဒါန လှူဒါန်း

မော်လမြိုင်ကျွန်း၊ ဩဂုတ် ၂၀

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာ လုပ်ကလေးကျေးရွာအုပ်စု၊ နောက်ပြန်တိုးဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းရှိ ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာမျိုးစုံတို့အား ပညာဒါနထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပညာဒါနအလှူရှင် လပွတ္တာလုပ်ကလေးကျေးရွာအုပ်စု၊ နောက်ပြန်တိုး ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဆရာ၊ ဆရာမများက ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းရှိ ကျောင်းသူ၊ ကျောင်းသား ၉၇ ဦးတို့အား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာမျိုးစုံတန်ဖိုးငွေကျပ်သုံးသိန်းကျော်ဖိုးတို့အား ပညာဒါန ထောက်ပံ့ပေးအပ်လှူဒါန်းပြီးနောက် ကျောင်းသူ၊ ကျောင်းသားများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျေးရွာ (၅)ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသူ၊ ကျောင်းသားများက နောက်ပြန်တိုးဆရာတော် ဘဒ္ဒန္တဝိမလအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းဆက်ကပ်လှူဒါန်းကြသည်။ **မော်ကျွန်းမြင့်အောင်**

ထားဝယ်ခရိုင်အတွင်းရှိ ပရဟိတကျောင်းများတွင် တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသ

လောင်းလုံ၊ ဩဂုတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ စန္ဒကူးရိပ်သာဖောင်ဒေးရှင်းကုသိုလ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် သန့်ရှင်းရေးအသင်းမှ ဘဒ္ဒန္တခေမာရဦးဆောင်၍ ထားဝယ်မြို့တွင်း ပရဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဇေယျာဘုမ္မိကျောင်း၊ လေးထပ်ကျောင်း၊ ပခုက္ကူကျောင်းတိုက်၊ ပုထိုးကျောင်းနှင့် မြို့မကြက်စားပြင် ကျောင်းကြီးများသို့ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဩဂုတ် ၁၇ ရက် ညနေပိုင်းက စန္ဒကူးရိပ်သာဖောင်ဒေးရှင်း ကုသိုလ်ဖြစ်ကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် ထားဝယ်ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တိုင်းရင်းဆေးဆရာမများ၊ ထားဝယ်မြို့တိုင်းရင်းဆေးဆရာအဖွဲ့မှ ဒေသခံတိုင်း ရင်းဆေးဆရာများက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရာ ဇေယျာဘုမ္မိပရဟိတကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၅၅ ဦးအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးနိုင်ခဲ့သည်။

ဆေးကုသရာသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ ပိန္နဲတောရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ၊ ရိပ်မိရပ်ဖများ တက်ရောက်ကြည့်ရှု ပံ့ပိုးကူညီကြသည်။

ပရဟိတကျောင်းများသို့ တိုင်းရင်းဆေးများဖြင့် အခမဲ့ကုသပေးသဖြင့် ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ဝေဒနာရှင်များ ကျန်းမာရေးကောင်းမွန်လာသည့်အခြေအနေကို ရရှိနေပြီး ကုသရာတွင် လိုအပ်သောဆေးဝါးများအတွက် ကုသိုလ်ဖြစ်ပါဝင်လှူဒါန်းလိုပါက စန္ဒကူးရိပ်သာဖောင်ဒေးရှင်း ဖုန်း- ၀၉ ၄၉၃၀၅၆၅၃၊ ၀၉ ၈၇၅၀၂၃၂၊ ၀၉ ၂၅၀၄၆၃၉၉၁ များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်-ပဲခူးလမ်းရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၁၃ ရက်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးညီဇော်ဌေးနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်း မိုးပွင့်အဆင့် (၆) စီမံချက်အရ ပြည်သူလူထုထံ နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၄ ကတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ခင်ငြိမ်း(မင်္ဂလာဒုံ)**

ဖခင်အမည်မှန်

အထက(၁) သယ်န်းကျွန်း (XI)မှ မသန္တာအောင်၏ဖခင်အမည်မှန်မှာ ဦးဇော်လင်းဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်ကောင်းစံထက် ပထမနှစ် (ပထဝီပင်)၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းဖြစ်ပါသည်။





ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်းလျှောက်ထားလာပါသည်။ သို့ပါ၍ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍(နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ နယ်	မြို့ တိုင်း	မြေ ကွက်	မြေ အမည် ပေါက်	မြေ	
	ဒေါ်လှလှစိုး	၁၂/ဒဂန(နိုင်) ၀၁၄၆၉၀	၂၃/ကျောင်းတော်ရာလမ်း အမှတ် ဝါးတိုက်ရပ်ကွက်	ဒေါပုံ	၈	၄၉၃	ဒေါ်ညွှန့်ဖိုး	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါ်စန်းစန်းရီ
(၂၁. ၈. ၂၀၁၂ မှ ၂၁. ၈. ၂၀၁၄)

ယနေ့ထိတိုင် နေ့စဉ်လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ လစဉ် (၂၁)ရက်နေ့တိုင်း ပြုလုပ်ရည်စူးကုသိုလ်များနှင့် နှစ်ပတ်လည်နေ့တိုင်း တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် တရားစခန်းဝင်သော ယောဂီများသို့ တစ်နေ့တာဆွမ်းကပ် လှူဒါန်းမှုအပါအဝင် ပြုပြုသမျှကုသိုလ်အစုစုအတွက် ရောက်ရာဘုံဘဝမှ အမျှယူနိုင်ပါစေသော် -

ဇနီး - ဒေါ်စန်းသီတာဝင်း၊ ဦးညီညီနိုင် (ကို သမီးကြီး ဟု ဖတ်ရန်)

စုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း (ငြိမ်း)
သမီးကြီး - ဒေါ်စန်းသီတာဝင်း၊ ဦးညီညီနိုင်
သား - ဦးမင်းနေကျော်ဝင်း
သမီးငယ် - ဒေါ်စန်းစပယ်ဝင်း၊ ဒေါက်တာ ဘုန်းမြင့်ထွန်း၊
မြေးလေးများ - ကြာညိုသွယ်သင်း၊ ဝင်းမြတ်ရွှေစင်ထွန်း၊
ဝင်းဘုန်းထွဋ်နိုင်၊ ဝင်းခန့်လပြည့်ထွန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာနီလာကျော်
အသက်(၄၆)နှစ်
ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာနီလာကျော်သည် ၁၈-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒဂုံတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ
ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ/ဆရာမများ

အထူးဝမ်းနည်းကြေကွဲခြင်း
Mr.C.D.Prakash.(a)ဦးမောင်မောင်
Super Coffee Mix
အသက်(၆၆)နှစ်

ဆရီဆရီဒူဂါရ်ဘာရီ(စန္ဒီမယ်တော်) ဘုရားကျောင်းကို အစဉ်တစိုက် လှူဒါန်းခဲ့သော Mr.C.D.Prakash(a) ဦးမောင်မောင်သည် ၁၇-၈-၂၀၁၄ရက်တွင် ကွယ်လွန်အနိစ္စ ရောက်ရှိသွားသည့်အတွက် ဟိန္ဒူဘာသာဝင်များကိုယ်စား မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း။

ဆရီဆရီဒူဂါရ်ဘာရီ(စန္ဒီမယ်တော်)
ဟိန္ဒူဘုရားကျောင်း
ဂေါပကအဖွဲ့
အမှတ်-၃၀၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

အမည်ပြောင်း
ဦးကျော်ဇင်ဦး(PAN-၂၈၄၉၉၈)၏သမီး ဘားအံမြို့၊ အထက(၂)နဝမတန်းမှ မကြည်ကြည်သော်အား ယနေ့မှစ၍ မခင်ငြိမ်းအေးစံဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ငြိမ်းအေးစံ**

ဖခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ ကျုံတိုင်းကလေးအုပ်စု၊ အစုကြီးကျေးရွာနေ မောင်သက်ပိုင်ဦး(ခ)စသက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစောလပွား(ခ)ဦးစောလှဘွား[၁၄/ပတန(နိုင်)၀၁၉၆၀၀]ဖြစ်ပါကြောင်း။ **ဦးစောလပွား(ခ)ဦးစောလှဘွား**

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးမောင်မောင်ဝင်း
(၂၁-၂-၂၀၁၄)မှ (၂၁-၈-၂၀၁၄)

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်
အသက်(၄၂)နှစ်

ဒေါ်သန်းမြင့်(ဒု-မန်နေဂျင်းဒါရိုက်တာ၊ Shwe Tun Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းလှိုင်သည် ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်နှင့်စက်အပိုပစ္စည်းအရောင်းဌာန
Shwe Tun Co.,Ltd
မန္တလေးရုံးခွဲ

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်
အသက်(၄၂)နှစ်

ဒေါ်သန်းမြင့်(ဒု-မန်နေဂျင်းဒါရိုက်တာ၊ Shwe Tun Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းလှိုင်သည် ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကားနှင့်ကားမျိုးစုံဖြန့်ဖြူးရောင်းချရေးဌာန
Shwe Tun Co.,Ltd
မန္တလေးရုံးခွဲ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၉၂/Bက)၊ မြေကွက်တည်နေရာအမှတ်(၉၂/က)၊ သီဂီ(၂)လမ်း၊ မြောက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးလှသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှသိန်း ခင်ပွန်းကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ညွန့်[၁၂/သကတ(နိုင်)၁၀၇၉၂၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၄၈၃/၂၀၁၄)ရသူ ဦးလင်းကိုဟိန်း[၁၂/သကတ(နိုင်)၁၆၆၄၁၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

သမီးအဖြစ်မှစွန့်လွှတ်ခြင်း
တွံတေးမြို့နယ်၊ စကြ်န်လမ်း၊ အိမ်အမှတ်-၄၄၄ နေ ဦးကြည်လေး[၁၂/တတန(နိုင်)၀၂၇၇၀၁]၊ ဒေါ်စန်းမြင့်[၁၂/တတန(နိုင်)၀၂၇၇၀၂]တို့၏ သမီး မစန်းဥမ္မာကြည်[၁၂/တတန(နိုင်)၁၉၂၈၁၅]အား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကြည်လေး-ဒေါ်စန်းမြင့်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်
အသက်(၄၂)နှစ်

ဒေါ်သန်းမြင့်(ဒု-မန်နေဂျင်းဒါရိုက်တာ၊ Shwe Tun Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းလှိုင်သည် ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လယ်ယာသုံးစက်ပစ္စည်းအရောင်းဌာန
Shwe Tun Co.,Ltd
မန္တလေးရုံးခွဲ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈/က၊ မြေကွက်အမှတ်-၃/ဃ+၂/ဃ၊ မြေကွက်တည်နေရာအမှတ်-၄/ခ၊ ဇမ္ဗူဒိတ်လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးအောင်သာထွန်း အမည်ပေါက် မြေပိုင်မြေ လ/န-၃(ခ)ရပြီးမြေအား အမည်ပေါက် ဦးအောင်သာထွန်း[၁၂/သဃက(နိုင်)၀၂၈၈၄၇]ကွယ်လွန်သဖြင့် ဒေါ်တင်ချို[၁၂/သဃက(နိုင်)၀၂၉၂၄၉]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပွဲလှရုံသက်သက်
(For Show)
နန္ဒဝင်း (ဆေး-၁)
စန္ဒာဝေ

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြဝင်း (တောင်ကြီး)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ မြို့နယ်ပညာရေးမှူး(ငြိမ်း)

အသက်(၉၆)နှစ်

